# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၃) ရက် ၊ သောကြာနေ့ ၊ (20-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅/၂၀၂၄)

၁၃၈၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ယုံမှတ်အပ်နှံမှုအက်ဥပဒေ အခန်း ၃ ၏ နောက်တွင် အခန်း ၃-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

CHAPTER III A.

OF THE PREVENTIVE MEASURES AND REPORTING OBLIGATIONS OF TRUSTEES.

30 A.

Customer Due-Diligence, Record-Keeping and Reporting Obligations of AML/CFT

(1) Any trustee of any trust governed under this Act is bound to the following obligations of Anti–Money Laundering and Countering the Financing of Terrorism (AML/CFT);–

စာမျက်နှာ ၁၈ ကော်လံ ၁

## ရေပြန်လည်ကျဆင်းသွားသည့် နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက

စာမျက်နှာ ၁၉ ကော်လံ ၁



နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

နေပြည်တော် စက်တင်ဘာ ၁၉

မုန်တိုင်းရာဂီ၏သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သောလေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုကို ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို စက်တင်ဘာ ၂၁ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ယခုအခါ အဆိုပါပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

**"ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကိုတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်သူများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းများရှိ ပြည်သူများစားသောက်ရေးအတွက်လည်း အဆင်ပြေအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"**စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လူ ၂၂၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့်မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦးရှိသည်။ လူနေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကာ ၁၅၈၃၄၃ လုံး ရေဝင်နစ်မြုပ်ခဲ့ပါသည်။ ရေဘေးသင့်ပြည်သူများအနေဖြင့် ယာယီရေဘေးရှောင်စခန်းများတွင် ၁၆၃၅၇၃ ဦးရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင်သွားရောက်နေထိုင်သူ ၂၃၄၅၃၅ ဦးရှိကြောင်း သိရပါသည်။

သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ပါသည်။ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက်ထိခိုက်မှုအကြီးမားဆုံးဖြစ်နိုင်ပြီး သင်ခန်းစာရယူရမည်များ၊ ပြင်ဆင်ရမည်များ များစွာရှိပေသည်။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများထက် သာမန်ပြည်သူလူထု သတိပြုနားလည်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ထုတ်ပြန်မှသာလျှင် ပြည်သူများအနေဖြင့် ရှင်းလင်းစွာသိရှိပြီး အလေးထားလိုက်နာနိုင်မည်ဖြစ်ပေသည်။

ယခုတိုင်ဖွန်းမုန်တိုင်းရာဂိကြောင့် ဖြစ်ပေါ်ခဲ့သည့်သဘာဝဘေးအန္တရာယ်သည် မြန်မာနိုင်ငံအတွက် ကြီးမားသည့်သင်ခန်းစာတစ်ခုဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်းစစ်ဌာနချုပ်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ကလည်း တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရမည်းသင်း၊မိတ္ထီလာ၊ကျောက်ဆည်ခရိုင်တို့ရှိ ရေဘေးသင့်ပြည်သူများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေး



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများလိုက်ပါပြီး စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့်ကျောက်ဆည်ခရိုင်တို့သို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ကျောင်းဝင်းအုတ်တံတိုင်းပျက်စီးခဲ့မှုများ၊ ကျီးနီကန်ရေလျှောင်ကန်ရေပိုလွှဲနေရာကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ ရန်ကုန်-မန္တလေးလမ်းမှ ပျဉ်းမတော-သာယာအေးလမ်း(မိုးထိမိုးမိလမ်း) ရေလွှမ်းမှုကြောင့် လတ်တလောလမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်ခဲ့ပြီး ယာယီတစ်ကြောင်းထိုးလမ်း ပေါက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ သီလဝခန်းမနှင့် ပျော်ဘွယ်မြို့နယ်ရှိ သာသနာ့ဗိမာန်တို့၌ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ၊ ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ရောက်ရှိပြီး ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က စမုံရေထိန်းတမံဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်သို့ရောက်ရှိပြီး ပြည်ပန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် ရေကျဆင်း၍စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ပံ့ပိုးပေးအပ်သည့်ငွေကျပ် ၃၅၁၀၁၄၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ပင်လယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့ စည်ဖောင်းတွေကို စနစ်ကျသန့်စင်နေပူလှန်းအခြောက်ခံပြီးရရှိတာပါ။ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဩဂုတ်လ ပထမပတ်က စပြီး ဝယ်လိုအားကောင်းလာတာကြောင့် တင်ပို့အားတက်ခဲ့တာပါ"ဟု ဒေါ်မြင့်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် ဈေးနှုန်းအနေဖြင့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၉၀၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀၀ မှ ၄၅၅၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀၀၀ စသဖြင့် စည်ဖောင်းခြောက် အကြီးအသေးအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများအရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးဆိုင်ကယ်များ ဝယ်ယူမှုများလာကြောင်း သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်များတွင်ဘီးကြောကောင်းမွန်မှုနှင့် အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့်တရုတ်ဘီးများ ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ သိန်း ၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၂၅ သိန်း ၅ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှသိရသည်။

ကားဈေးကွက်တွင်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားများထဲမှ တိုယိုတာဝှစ်ရှ်၊ တိုယိုတာကလူဂါ၊ တိုတိုယိုတာဘယ်လ်တာစသည့် ကားလေးများအရောင်းအဝယ်ရှိပြီး ငွေကျပ် သိန်း ၃၅၀ နှင့်အထက်ဈေးပေါက်ကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများလည်း ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၁၈၀ ကြား အရောင်းအဝယ်ရှိကြောင်း သိရသည်။

လျှပ်စစ်သုံးကားများလည်း ငွေကျပ်သိန်း ၅၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့်ပေါက်ဈေးရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မကျီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ မကျီးကုန်းကျေးရွာ၌ အရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၂၀၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မကျီးကုန်းကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန်းလွင်(မကွေး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၆လမ်း ပွဲကုန်းရပ်နေ ရွှေပြည်စိုးပွဲရုံမိသားစုက ဒေါ်မြမြအားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက ငါးရံ့ခြောက်ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများမှ ဝယ်ယူမှုများပြားနေခြင်းကြောင့် တင်ပို့မှု အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာဒေသထွက်ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များအနေဖြင့် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ငဖဲမြို့နယ် မန်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်းဆုံကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မန်းဆုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၃၇၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ်သိန်း ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၄၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၈၅၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၈၅၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၈၅၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၈၅၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# တစ်လအတွင်းချီးမြှင့်ခဲ့တဲ့ နိုင်ငံတော်အဆင့်စာပေဆု လေးဆု

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်နေ့က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ၊ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့်ပူးတွဲပြီး **''မဲခေါင်စာပေဆု''** ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်အတွက် ဆုနှစ်ဆုနှင့် **''မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဒုတိယအကြိမ် စာပေဆု''**များကို ချီးမြှင့်ခဲ့ကြပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်နေ့ကလည်း ''အကြိမ် ၃၀ မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု''ကို ချီးမြှင့်ခဲ့ပါသည်။

ဆုပေးပွဲများကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းအဆင့်ဝန်ကြီးများ၊ ဆုအားလုံးကို တာဝန်ယူစိစစ်ရွေးချယ်ပေးခဲ့ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ မြို့နယ်အသင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ စာနယ်ဇင်းလောကမှတာဝန်ရှိသူများ စုံညီစည်ကားစွာ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည်။

**မဲခေါင်စာပေဆု နှစ်ဆု**

မဲခေါင်စာပေဆုကို အစပျိုးခဲ့သော ဗီယက်နမ်နိုင်ငံ၏ဦးဆောင်လှုံ့ဆော်မှုဖြင့် ၂၀၀၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ စာရေးဆရာအသင်းများ စုပေါင်းပြီး **''မဲခေါင်စာပေဆုချီးမြှင့်ခြင်း''**ကို စတင်ခဲ့ကြသည်။ ခုနစ်နှစ်အကြာ ၂၀၁၄ခုနှစ်ကျမှသာ မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်ကြသော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်(ယူနန်ပြည်နယ်)တို့ ပါဝင်လာခဲ့ကြသည်။ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်) ခြောက်နိုင်ငံမှ စာရေးဆရာအသင်းများ၏ မဲခေါင်စာပေဆုချီးမြှင့်ပွဲများသည် ဒေသအတွင်းရှိ အမျိုးသားရေးလက္ခဏာနှင့်ပြည့်စုံကြွယ်ဝသော ထူးချွန်သည့်စာပေတန်ဖိုးများကိုအားပေးခြင်း၊ ဂုဏ်ပြုခြင်းနှင့်မြှင့်တင်ပေးခြင်းများကို ဖော်ဆောင်နိုင်ခဲ့ကြသည်။

ထို့ပြင် ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အပြန်အလှန်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာရေးဆရာအင်အားစုများ၏ အချင်းချင်းဆက်သွယ်မှု၊ အပြန်အလှန်ချစ်ကြည်ရေးနှင့်ရင်းနှီးမှု၊ လူသားအားလုံးနှင့် ဒေသတွင်းယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တန်ဖိုးထားအသိအမှတ်ပြုနိုင်ခဲ့ကြသည်။ မဲခေါင်စာပေဆုချီးမြှင့်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ–

၁။ အဖွဲ့ဝင်နိုင်ငံများရှိ စာရေးဆရာများ၏ စာပေလက်ရာများကိုထိုက်တန်စွာဖော်ထုတ်ချီးမြှင့်နိုင်ရန်၊

၂။ အဖွဲ့ဝင်နိုင်ငံများ၏ စာပေပရိသတ်များအား မဲခေါင်ဒေသရှိ မိတ်ဆွေနိုင်ငံများ၏ စာပေနှင့်ဘဝကို ပိုမိုသိရှိနားလည်စေရန်၊

၃။ ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာအောင် တက်ကြွစွာဆောင်ရွက်ရန်၊

၄။ ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ရန် ဟူ၍ဖြစ်သည်။

နိုင်ငံခြောက်နိုင်ငံမှ စာရေးဆရာအသင်းများက ချမှတ်ထားသော ရည်ရွယ်ချက်များ၊ စာပေစံများနှင့်အညီ သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားဘာသာနှင့်၊ အင်္ဂလိပ်ဘာသာ၊ မြန်မာနိုင်ငံဆိုပါမူ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာရေးသားထုတ်ဝေထားသော စာအုပ်များဖြစ်ကြရပါမည်။ ထိုစာအုပ်များကို နိုင်ငံအဆင့်နှင့်ဒေသအဆင့်ဟူ၍ ရွေးချယ်ခဲ့ကြသည်။

မဲခေါင်စာပေဆုချီးမြှင့်ပွဲများ ကျင်းပခဲ့ကြရာတွင် လက်ခံကျင်းပခဲ့ကြသည့် အိမ်ရှင်နိုင်ငံစာရေးဆရာအသင်းများက ထိုနှစ်များအတွက် ပြိုင်ပွဲဝင်ကြရမည့် ဦးတည်ချက်များကို ထုတ်ပြန်ကြရလေ့ရှိသည်။ ၂၀၁၉ ခုနှစ်အတွက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် မြန်မာနိုင်ငံစာရေးဆရာအသင်းကလည်း **''စာပေက မွေးဖွားပေးသော ရင်းနှီးချစ်ကြည်သွေးစည်းမှု'' "Unity and Fraternity born by literature"** ဟူသော ဦးတည်ချက်ကို ထုတ်ပြန်ထားခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက ထိုဦးတည်ချက်ဘောင်အတွင်းဝင်သည့် စာအုပ်များကိုသာ ဆုရွေးချယ်ခဲ့ကြရသည်။

**❖ မြန်မာနိုင်ငံစာပေဆုများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်အမြင့်ဆုံးဆုမှာ ''အမျိုးသားစာပေတစ်သက်တာဆု'' ဖြစ်ပြီး အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများသည်လည်း စာပေဆုသက်တမ်းများ ရှည်ကြာလာခဲ့သည့်နည်းတူ စာပေဆုအစဉ်အလာများလည်း ကြီးမားကောင်းမွန်ခဲ့ကြသည်။ နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုပြီးလျှင် ပခုက္ကူစာပေဆုသည်လည်း စာပေဆုသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့် ပုဂ္ဂလိကစာပေဆုဖြစ်သည်။❖**

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ခုနှစ်များတွင် ကိုဗစ်ကပ်ရောဂါကြောင့် အလှည့်ကျနိုင်ငံများတွင် မဲခေါင်စာပေဆုပေးအပ်ချီးမြှင့်ပွဲများ မကျင်းပနိုင်ခဲ့ကြသဖြင့် ယခုနှစ်မှ အဝေးရောက်ချီးမြှင့်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ၂၀၂၀ ပြည့်နှစ်တွင် ဦးဖေသန်း(နေမင်းသန်း)နှင့် ဒေါက်တာနီလာသိန်း(မြကြာငုံ)တို့ ရရှိခဲ့ကြပြီး ၂၀၂၁ ခုနှစ်တွင် ဦးဇော်ဝင်းအောင်(အကြီးကိုကို-ကသာ)နှင့် ဦးသန်းအေး(စလင်းဘုန်းကျော်)တို့ ရရှိခဲ့ကြသည်။ ဆရာစလင်းဘုန်းကျော်သည် ပြိုင်ပွဲဆုကြေညာပြီးမှ ကွယ်လွန်သွားခဲ့သဖြင့် ၎င်း၏သားက တက်ရောက်ယူခဲ့ရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း စာပေဆု**

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် အသင်းဝင်များ၏ စာပေအရည်အသွေးကို တစ်ဖက်တစ်လမ်းမှမြှင့်တင်ပေးနိုင်ရေးနှင့် အသင်းကြီး၏ စာပေအကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ကို မြန်မာနိုင်ငံစာပေသမိုင်းတွင်မှတ်တမ်းတင်၍ ကျန်ခဲ့စေရေးအတွက် **''စာမူပြိုင်ပွဲကျင်းပရန်နှင့် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရန်''**ဟူသော လုပ်ငန်းစဉ်နှစ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံသက်တမ်း(၂၀၁၂- ၂၀၁၆) ကတည်းက ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံသက်တမ်းတွင် အဆိုပါလုပ်ငန်းစဉ်နှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဒုတိယအကြိမ်ညီလာခံသက်တမ်းအတွင်းတွင် ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မလွဲမရှောင်သာဘဲ လုပ်ငန်းစဉ်များကို ရပ်နားထားခဲ့ရသည်။

ထို့ကြောင့် ယခုတတိယအကြိမ် ညီလာခံသက်တမ်းတွင် အထက်ဖော်ပြပါ လုပ်ငန်းစဉ်နှစ်ရပ်အနက် စာမူပြိုင်ပွဲကို ရှေးဦးစွာစတင်ဆောင်ရွက်မည်ဖြစ်ရာ စာရေးဆရာအသင်းဝင်တိုင်း (၁)ကဗျာ၊ (၂)ဆောင်းပါးနှင့် (၃)ဝတ္ထုတိုသုံးမျိုး (စာမူ)များကို မိမိတို့ကြိုက်နှစ်သက်သည့် အမျိုးအစားတစ်မျိုးမျိုးကိုဖြစ်စေ၊ ဘာသာရပ် သုံးမျိုးစလုံးဖြစ်စေ သတ်မှတ်စည်းကမ်းပုံစံနှင့်အညီ ဦးတည်ချက်များအတွင်း ရေးသားယှဉ်ပြိုင်စေခဲ့သည်။

သတ်မှတ်ရက်အတွင်း ကဗျာစာမူ ၈၉ ပုဒ်၊ ဆောင်းပါးစာမူ ၁၁၅ ပုဒ်၊ ဝတ္ထုတိုစာမူ ၁၀၈ ပုဒ်၊ စာမူစုစုပေါင်း ၃၁၂ ပုဒ်ယှဉ်ပြိုင်ခဲ့ကြရာ အံ့သြဝမ်းသာပီတိဖြာခဲ့ကြရသည်။ လက်လှမ်းမီသမျှသော စာပေပြိုင်ပွဲများထဲတွင် ယှဉ်ပြိုင်မှုစာမူအများဆုံးဖြစ်နေသောကြောင့်ပင်တည်း။

ပထမအကြိမ်က ကဗျာစာမူဆု ငါးဆု၊ ဆောင်းပါးစာမူဆု ငါးဆု၊ ဝတ္ထုတိုစာမူဆု ငါးဆု၊ စုစုပေါင်း စာမူဆု ၁၅ ဆုသာ ချီးမြှင့်နိုင်ခဲ့သော်လည်း ယခုဒုတိယအကြိမ်တွင်မူ စာမူဆု ၁၈ ဆု ချီးမြှင့်ပေးရန် စီစဉ်ခဲ့ပြီး စာမူဆုချီးမြှင့်ငွေများကိုလည်း တိုးမြှင့်ပေးခဲ့ပါသည်။

**အကြိမ် ၃၀ မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု**

မြန်မာနိုင်ငံ စာပေဆုများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်အမြင့်ဆုံးဆုမှာ **''အမျိုးသားစာပေတစ်သက်တာဆု''**ဖြစ်ပြီး အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများသည်လည်း စာပေဆုသက်တမ်းများရှည်ကြာလာခဲ့သည့်နည်းတူ စာပေဆုအစဉ်အလာများလည်း ကြီးမားကောင်းမွန်ခဲ့ကြသည်။

နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုပြီးလျှင် ပခုက္ကူစာပေဆုသည်လည်း စာပေဆုသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့် ပုဂ္ဂလိကစာပေဆုဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင် အကြိမ် ၃၀ မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

**ပခုက္ကူစာပေဆု ဖြစ်ပေါ်လာပုံ**

အနိမ့်၊ အမြင့်၊ အတက်၊ အကျ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရသော ဦးအုံးဖေသည် စာပေအလှ၊ စာပေတစ်စကြောင့် ဘဝပြောင်းလဲမြင့်မားလာခဲ့ရာ **''သိန်းတစ်ရာဆေးပေါင်းစုံရုံပိုင်ရှင်ကြီး''**ဖြစ်လာခဲ့သည်။ စာပေ့ကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် **''စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်''** ဟူသောစာပေရည်ရွယ်ချက်ဖြင့် စာပေဒါနပြုလိုသောကြောင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော၊ စာဖြင့်ပါကမ်းလှမ်းခဲ့သည်။ သူ၏အသက် ၇၅ နှစ်မြောက်မွေးနေ့တွင် စာပေဆုမတည်ငွေကျပ် ၇၅ သိန်းလှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း **''ပခုက္ကူစာပေဆု''**ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းခဲ့သည်။

ဦးအုံးဖေ၏မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေကနိုင်ငံတော်သို့ ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ် တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ပခုက္ကူမြို့၌ ကျင်းပနိုင်ခဲ့သည်။ မူလက ၇၅ နှစ်ပြည့်အထိမ်းအမှတ် ၇၅ သိန်းလှူဒါန်းရန်ရည်မှန်းထားသော်လည်း ၇၆ နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးခုနှစ် သက္ကရာဇ် ၁၂၇၉ ကိုပါရည်စူးကာလှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်း သိရသည်။ ထိုမျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော (၁၀)ကြိမ်မြောက်ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုး သတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု (၂)ဝတ္ထုတိုပေါင်းချုပ်ဆု (၃)ကဗျာပေါင်းချုပ်ဆု (၄)ကျမ်းစာပေဆု (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာစာပေဆုများဖြစ်ကြသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကိုဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံသယ်ပိုးထမ်းရွက်ခဲ့သူ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ **''ပညာသင်ဆု''** အဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူနှစ်ဦးစီကို ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် **''ဒုတိယဆုများ''** ၁၉၉၆ ခုနှစ်တွင် **''တတိယဆုများ''** တိုးမြှင့် ချီးမြှင့်ခဲ့သည်။

စာပေဒါနအလှူရှင်ကြီး ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို **''ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု''**ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့သည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူ ဦးအုံးဖေစာပေဆု ရန်ပုံငွေမှာ ငွေကျပ် ၃၆၈ သိန်းကျော်သာရှိခဲ့သည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေအကူအညီတောင်းခံခဲ့ရသည်။ ထိုအချိန်က စာပေဆုချီးမြှင့်ပွဲကုန်ကျစရိတ်မှာ နှစ်စဉ်ငွေကျပ် သိန်း ၆၀ ကျော် ၇၀ ကျော်ခန့်သာ ကုန်ကျခဲ့

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် မိုးစပါး ၃၂၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၂၉၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မိုးစပါး ဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၂၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးစပါးများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

သော်လည်း ယခုဆိုလျှင် ငွေကျပ်သိန်း ၂၀၀ ခန့်ထိ ကုန်ကျနေသည်။ ထိုက်သင့်သောစာပေဆု ချီးမြှင့်ငွေတိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ်စိစစ်ချွေတာသုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရသည်။

**ထူးချွန်ဆုများ**

''ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု'' အကြိမ် ၃၀ မြောက်အတွင်းတွင် တစ်သက်တာစာပေဆုရှင် ၃၇ ဦး ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၆၅ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။ ပခုက္ကူစာပေဆု ချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်ထိ ၄၃ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

ပခုက္ကူစာပေဆုအတွက် နှစ်စဉ်စာမူများတင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေးအခြေခံမူများ သတ်မှတ်ထားရာ ထိုအခြေခံမူများမှာ

(၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊
(၂) မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊
(၃) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကို ရှေးရှုရန်၊
(၄) အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက် ကူညီရန်၊
(၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများတိုးပွားစေရန် ဟူ၍ဖြစ်သည်။

ယခု အကြိမ် ၃၀ မြောက်တွင် စာပေဆု ၅ မျိုးမှ ၁၄ ဆုနှင့် တစ်သက်တာစာပေဆု နှစ်ဆုကို ချီးမြှင့်ခဲ့သည်။

**ပံ့ပိုးကူညီလှူဒါန်းကြပြီ**

ပခုက္ကူစာပေဆုချီးမြှင့်ခဲ့ရာတွင် ချီးမြှင့်ရန်ငွေအင်အားနည်းပါးနေသဖြင့် ချီးမြှင့်ငွေလည်း နည်းပါးနေသည့်အပြင် ရေရှည်ရပ်တည်ရန် အခက်အခဲများနှင့် ကြုံတွေ့နေခဲ့ကြသည်။

ဤသည်ကို ဖြည့်ဆည်းပံ့ပိုးကူညီပေးသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ငွေကျပ် ၇၅ သိန်း လှူဒါန်းခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်နေ့က ကျင်းပခဲ့သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် လှူဒါန်းငွေကျပ် ၁၇၅ သိန်းတိတိ ရရှိခဲ့သဖြင့် ကြည်နူးဝမ်းသာပီတိဖြာခဲ့ကြရသည်။

၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်နေ့က ကျင်းပခဲ့သော မဲခေါင်စာပေဆုနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းစာပေဆုချီးမြှင့်ပွဲတွင်လည်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက ငွေကျပ် ၃၅ သိန်း လှူဒါန်းခဲ့သည်။ အချုပ်ဆိုရလျှင် တစ်လအတွင်းချီးမြှင့်ခဲ့သော မဲခေါင်စာပေဆုနှစ်ဆု၊ မြန်မာနိုင်ငံစာရေးဆရာအသင်းစာပေဆုနှင့် အကြိမ် ၃၀မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများသည် မြန်မာနိုင်ငံစာရေးဆရာအသင်းက တာဝန်ယူစိစစ်ရွေးချယ်ခဲ့သော စာပေဆုများဖြစ်ကြသောကြောင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဆောင်ပုဒ်ဖြစ်သော **"အမျိုး၏ဂုဏ် ဇာတိဂုဏ် စာပေဂုဏ်ကိုမြှင့်"** ဟူသောဆောင်ပုဒ်ကို လက်တွေ့ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ခြင်းဖြစ်ကြောင်း သက်သေထူနေပါတော့သည်။

## လဲနေသူထူပေးပါ

- လိုအပ်သူ ဖေးကူမ
ပေးလှူကြ တတ်နိုင်ရာ၊
တစ်နိုင်တစ်ပိုင် လက်တွေကမ်း
လှမ်းကူစမ်းပါ၊
ဒုက္ခအပူလည်း ကိုယ်ချင်းစာ
ညှာတာပါ သနား၊
နှုတ်အမူရာ ဖြစ်ပါစေ
မေတ္တာတွေပွား။

- နှစ်သိမ့်ကာ အားပေးစကား
ထွေးပွေ့ထား နှုတ်ချိုချို၊
ကိုယ်ချင်းစာ မေတ္တာထားကြ
ဆွေသားတွေလို၊
မေတ္တာပို့ သစ္စာဆို
ဗုဒ္ဓဂုဏ်ကို ရည်မျှော်မှန်း၊
ဘေးဒုက္ခတွေ ကျော်လွှားဖို့
အားပေးလက်ကမ်း။

- အများအပူ ကူစတမ်း
လှူဒါန်းဖို့ ဖိတ်ခေါ်ပါ၊
တတ်နိုင်သူတွေ ကူညီမှ
အဆင်ပြေကြမှာ၊
ဗြဟ္မစိုရ်တရား လက်ကိုင်ကာ
သနားကြင်နာ ရင်ဝယ်ထား၊
အားငယ်သူ အားတွေပေးလို့
ဖေးကူစို့လား။ ။

ပန်းမာလာ

# နိုင်ငံတကာ သတင်းများ

## ဗီယက်နမ်ခေါင်းဆောင် တိုလမ် အမေရိကန်သို့ အလုပ်သဘောခရီးစဉ်အဖြစ် သွားရောက်မည်

**ဟနွိုင်း စက်တင်ဘာ ၁၉**

ဗီယက်နမ်သမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်သည် လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ခရီးစဉ်အတွင်း ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးတိုလမ်သည် (၇၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။


အမေရိကန်နိုင်ငံ ခရီးစဉ်ပြီးဆုံးချိန်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲသည် ကျူးဘားနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ကွန်မြူနစ်အစိုးရအဖွဲ့ ဦးဆောင်သည့် ကျူးဘားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်၏အမေရိကန်နှင့် ကျူးဘားခရီးစဉ်များသည် စက်တင်ဘာ ၂၂ ရက်တွင် စတင်၍ ၂၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲအနေဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ် ရှိ၊ မရှိ ဗီယက်နမ် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဘရစ်အုပ်စု၌ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရေး ပါကစ္စတန်၏အဆိုပြုလျှောက်လွှာကို ရုရှားနိုင်ငံထောက်ခံ



**အစ္စလာမ်မာဘတ် စက်တင်ဘာ ၁၉**

စီးပွားရေး အင်အားကြီးနိုင်ငံသစ်များစုစည်းထားသည့် ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ပါကစ္စတန်နိုင်ငံ၏ အဆိုပြုလျှောက်ထားချက်ကို ရုရှားနိုင်ငံကထောက်ခံကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အလက်ဆီ အိုဗာချု့ခ်က စက်တင်ဘာ ၁၈ရက်တွင် ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ပါကစ္စတန်ဒုတိယဝန်ကြီးချုပ် အီရှက်ဒါးနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားဒုတိယဝန်ကြီးချုပ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရေးအတွက် ပြီးခဲ့သည့်နှစ်အတွင်း အဆိုပြုလျှောက်ထားလွှာ တင်သွင်းထားပြီး ဖြစ်ကြောင်း သိရသည်။

ဘရစ်အုပ်စုသည် အနောက်အုပ်စုဦးဆောင်သော နိုင်ငံတကာခင်းကျင်းဖွဲ့စည်းပုံကို စိန်ခေါ်ရေးအတွက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့က ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဘရစ်အုပ်စု၌ အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့လည်း အဖွဲ့ဝင်သစ်များအဖြစ် ပါဝင်လာခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံသည် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် စစ်ရေး၊ စီးပွားရေး ဆက်ဆံမှုခိုင်မာသည့် တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## သီရိလင်္ကာ၌ ရွေးကောက်ပွဲဝင်မည့်သမ္မတလောင်းများ မဲဆွယ်လှုပ်ရှားမှုအပြီးသတ်

**ကိုလံဘို စက်တင်ဘာ ၁၉**

သီရိလင်္ကာသမ္မတ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများသည် စက်တင်ဘာ၁၈ ရက်တွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများ အပြီးသတ်ခဲ့ကြကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ မကျင်းပမီ ၄၈ နာရီအလိုတွင် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို သမ္မတလောင်းများက ရပ်ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည့် သီရိလင်္ကာသမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၁၇ သန်းတို့က သမ္မတသစ်ကို မဲပေးရွေးချယ်မည်ဖြစ်သည်။

စက်တင်ဘာ ၂၁ရက် သီရိလင်္ကာသမ္မတရွေးကောက်ပွဲသည် နှစ် ၇၀ အတွင်း အပြင်းထန်ဆုံး ဘဏ္ဍာရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်း ပထမဆုံးကျင်းပမည့် သမ္မတရွေးကောက်ပွဲဖြစ်သည်။

အဆိုပါ သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၃၉ ဦးထိ စံချိန်တင်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို စက်တင်ဘာ ၂၂ ရက်တွင် သီရိလင်္ကာရွေးကောက်ပွဲကော်မရှင်က ကြေညာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## လက်ဘနွန်ပေါက်ကွဲမှုများကြောင့် အရှေ့အလယ်ပိုင်း တင်းမာမှုမြင့်တက်လာမည့်အရေး အမေရိကန်သတိပေး

**ဝါရှင်တန် စက်တင်ဘာ ၁၉**

လက်ဘနွန်နိုင်ငံ တစ်ဝန်း၌ ဟစ်ဇဘိုလာအုပ်စု၏ ဖုန်းဆက်သွယ်မှု အချက်ပေးကိရိယာများနှင့် လမ်းလျှောက်စကားပြောစက်များ အလုံးရေရာပေါင်းများစွာ ပေါက်ကွဲခဲ့ရပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ မြင့်တက်လာမည့် အရေးကို ရှောင်ရှားရန် အစ္စရေးနိုင်ငံနှင့် လက်ဘနွန်အခြေစိုက်ဟစ်ဇဘိုလာအုပ်စုတို့ကို အမေရိကန်အစိုးရက စက်တင်ဘာ ၁၈ ရက်တွင် သတိပေးလိုက်သည်။

စက်တင်ဘာ၁၇ ရက်က လက်ဘနွန်နိုင်ငံတစ်ဝန်း၌ ဟစ်ဇဘိုလာအုပ်စုက တင်သွင်းထားသည့် ဖုန်းခေါ်ဆိုမှုအချက်ပေး ကိရိယာများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၂ဦးသေဆုံး၍ဦးရေ ၃၀၀၀ကျော် ဒဏ်ရာများရရှိခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၁၈ ရက်တွင်လည်း ဟစ်ဇဘိုလာအုပ်စုက တင်သွင်းထားသည့် လမ်းလျှောက်စကားပြောစက်များပေါက်ကွဲခဲ့ရာ ဦးရေ ၂၀ သေဆုံး၍ ၄၅၀ ကျော် ဒဏ်ရာများရရှိခဲ့သည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာအုပ်စု၏ဖုန်းခေါ်ဆိုမှုအချက်ပေးကိရိယာများနှင့် လမ်းလျှောက်စကားပြောစက်များ ပေါက်ကွဲမှုသည် အစ္စရေးနိုင်ငံ မော့ဆက်ထောက်လှမ်းရေးအဖွဲ့နှင့်ပတ်သက်နေနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သို့သော် လက်ဘနွန်နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့ဖူးသည့် ပေါက်ကွဲမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသ စစ်ရေးတင်းမာမှုများ မြင့်တက်လာမည့် အရေးကို ရှောင်ရှားရန် အမေရိကန်အစိုးရအိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကမ္ဘာအရပ်ရပ်ရှိ အာဖဂန်သံရုံးနှင့် ကောင်စစ်ဝန်ရုံး ၃၉ ခုကို တာလီဘန်အုပ်စု ထိန်းချုပ်ထား

**ကဘူးလ် စက်တင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံကို စတင်ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်း သုံးနှစ်တာကာလအတွင်း တာလီဘန်အဖွဲ့သည်ကမ္ဘာအရပ်ရပ်ရှိ အာဖဂန်နစ္စတန်သံရုံးနှင့် ကောင်စစ်ဝန်ရုံး ၃၉ ခုကို ထိန်းချုပ်ထားနိုင်ကြောင်း တာလီဘန်တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖဂန်နစ္စတန်ကို ပြန်လည်ထိန်းချုပ်ခဲ့သည့် တာလီဘန်အဖွဲ့ကို မည်သည့်နိုင်ငံကမျှ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုသေးခြင်းမရှိကြောင်း သိရသည်။

သို့သော် တရုတ်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့က အာဖဂန်သံအမတ်ကြီးများကို သက်ဆိုင်ရာမြို့တော်များ၌ လက်ခံနေရာပေးထားဆဲဖြစ်သည်။



တာလီဘန် နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ အာဖဂန်နစ္စတန်ကိုထိန်းချုပ်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း တာလီဘန်အဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်း၌ သံရုံးနှင့်ကောင်စစ်ဝန်ရုံး ၃၉ ခုထိ ဆက်လက်ထားရှိခဲ့သည်။

ထို့ပြင် တာလီဘန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ ပြီးခဲ့သည့်နှစ်အတွင်း တူကီယဲ၊ ရုရှား၊ အီရန်နှင့် ပါကစ္စတန်အပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံသို့ တာလီဘန်အုပ်စုက သံတမန်အများအပြား စေလွှတ်ခဲ့သည်။

သို့သော် ယခုနှစ် ဇူလိုင်လအတွင်း တာလီဘန်အဖွဲ့သည် ပြည်ပနိုင်ငံများရှိ အာဖဂန်သံအဖွဲ့ အနည်းဆုံး ၁၄ ဖွဲ့နှင့် အဆက်အသွယ် ဖြတ်တောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက Internet of Things အင်တာနက် ဆက်သွယ်ရေးဂြိုဟ်တု ငါးစင်း လွှတ်တင်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ရ



**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် Internet of Things အင်တာနက်ဆက်သွယ်ရေးဂြိုဟ်တု ငါးစင်း လွှတ်တင်မည့်အစီအစဉ်ကို နောက်ဆုံးစက္ကန့်အရောက်တွင် ဖျက်သိမ်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် Internet of Things အင်တာနက် ဆက်သွယ်ရေးဂြိုဟ်တု ငါးစင်း သယ်ဆောင်ထားသော အီလက်ထရွန်ဒုံးပျံကို ယနေ့တွင် နယူးဇီလန်နိုင်ငံ မာဟီးရားကျွန်းဆွယ်မှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အီလက်ထရွန်ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်၏ ဒုံးအင်ဂျင်များ စဖွင့်တော့မည့်အချိန်မှာပင် လွှတ်တင်ရေးအစီအစဉ်ကို Rocket Lab ကုမ္ပဏီက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

Internet of Things မစ်ရှင် လွှတ်တင်ရေး အစီအစဉ်ကို အဘယ်ကြောင့် ဖျက်သိမ်းခဲ့ရသည်ကို Rocket Lab ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Internet of Things ဂြိုဟ်တုများသည် ပြင်သစ်အခြေစိုက် Kineis ဂြိုဟ်တုကုမ္ပဏီက တည်ဆောက်ထားသည့် ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Kineis ကုမ္ပဏီ၏ Internet of Things ဂြိုဟ်တုငါးစင်းကို ယခုနှစ် ဇွန် ၂၀ ရက်တွင် အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကွိုပါခါးပတ်ကွင်းနယ်မြေပြင်ပ ပတ်လမ်းများပေါ်နေရာယူ၍ နေကိုလှည့်ပတ်နေသော အေးခဲနေသည့် အာကာသဒြပ်ထည်အမျိုးအစားသစ်များကို ရှာဖွေတွေ့ရှိထား


**တိုကျို စက်တင်ဘာ ၁၉**

ကွိုပါခါးပတ်ကွင်းနယ်မြေပြင်ပ ပတ်လမ်းများပေါ်နေရာယူ၍ နေကိုလှည့်ပတ်နေသော အေးခဲနေသည့်အာကာသဒြပ်ထည်အမျိုးအစားသစ်များကို ဂျပန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ကွိုပါခါးပတ်ကွင်း နယ်မြေသည် နက်ပကျွန်းဂြိုဟ်၏ အလွန်၌ တည်ရှိသော နေအဖွဲ့အစည်း အနားစွန်း နယ်မြေတစ်ခုဖြစ်ပြီး အေးခဲနေသည့် ဂြိုဟ်သိမ်ငယ်များ၊ ကြယ်တံခွန်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ကွိုပါခါးပတ်ကွင်းနယ်မြေနှင့် နေကြား အကွာအဝေးမှာ မိုင်ပေါင်း ၂ ဒသမ ၈ ဘီလီယံကွာဝေးကြောင်း သိရသည်။

သို့ရာတွင် ကွိုပါခါးပတ်ကွင်း နယ်မြေပြင်ပ၌ ပတ်လမ်းနေရာယူ၍ နေကိုလှည့်ပတ်နေသည့် အေးခဲနေသော အာကာသဒြပ်ထည် အမျိုးအစားသစ်များ တည်ရှိ



နေသည်ကို တွေ့ရသည်ဟု ဂျပန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကွိုပါခါးပတ်ကွင်း အလွန်ရှိ အဆိုပါ အာကာသဒြပ်ထည်သစ်များကို ဂျပန်သိပ္ပံပညာရှင်များက ဟာဝိုင်ရီကျွန်း အခြေစိုက် ဆူဘာရုရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါတွေ့ရှိချက်အရ မိမိတို့၏ နေအဖွဲ့အစည်းသည် မျှော်လင့်ထားသည်ထက်ပို၍ကျယ်ဝန်းဖွယ်ရှိကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## Crew-9 မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို စက်တင်ဘာ ၂၅ ရက်မှသာလွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Crew-9 မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို တစ်ရက်နောက်ဆုတ်၍ စက်တင်ဘာ ၂၅ ရက်မှသာ လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၁၈ ရက်သတင်းများအရသိရသည်။

Space-X ကုမ္ပဏီသည် Crew-9 မစ်ရှင်အရ အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါမည့် Crew Dragon အာကာသ လူသယ်ယာဉ်ကို စက်တင်ဘာ ၂၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် မူလကစီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မလွှတ်တင်မီ စစ်ဆေးရေးလုပ်ငန်းများ အပြည့်အဝ လုပ်ဆောင်နိုင်ရေးအတွက် Crew Dragon အာကာသလူသယ်ယာဉ်ကို စက်တင်ဘာ ၂၅ ရက်မှသာ လွှတ်တင်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် Crew Dragon အာကာသ လူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသ လူသယ်ယာဉ်ဖြင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး နစ်ဟက်ဂ်နှင့် ရုရှားအာကာသယာဉ်မှူး အလက်ဇန်းဒါးဂေါ်ဘူနော့ဗ်တို့ လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

Crew-9 မစ်ရှင်သည် Space-X ကုမ္ပဏီက လွှတ်တင်မည့် နဝမမြောက် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူး သယ်ယူပို့ဆောင်ရေးမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ဦးနှောက်အတွင်း ပလတ်စတစ်အမှုန်အမွှားများ ဝင်ရောက်မှု ဆေးပညာရှင်များ ပထမဆုံးတွေ့ရှိ

**ဘာလင် စက်တင်ဘာ ၁၉**

လူ့ဦးနှောက်အတွင်း ပလတ်စတစ် အမှုန်အမွှားများ (Micro-plastics) ဝင်ရောက်မှုကို ဂျာမနီနှင့် ဘရာဇီး ဆေးပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ရကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဂျာမနီနှင့်ဘရာဇီး ဆေးပညာရှင်များသည် အရွယ်ရောက်သူများထံမှ ရယူထားသည့် တစ်ရှူးနမူနာ ၁၅ ခုကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရှူးနမူနာ ရယူထားသူ ၁၅ ဦးအနက် ရှစ်ဦးတို့၏ Olfactory Bulb ခေါ် ဦးနှောက်နယ်မြေအတွင်း ပလတ်စတစ်အမှုန်အမွှားများရောက်ရှိနေသည်ကို တွေ့ရသည်ဟု ဆေးပညာရှင်များက ပြောကြားကြောင်း သိရသည်။

အလွန်သေးငယ်သော ပလတ်စတစ် အမှုန်အမွှားများသည် လေထဲတွင် မျောပါနေတတ်သည်ဖြစ်ရာ လူတို့အသက်ရှူရာမှ တစ်ဆင့် ၎င်းပလတ်စတစ်အမှုန်အမွှားများ ဦးနှောက်အတွင်းသို့ ရောက်သွားနိုင်ကြောင်း ဆေးပညာရှင်များက သုံးသပ်ထားသည်။

လူသားတို့၏ အဆုတ်၊ အူသိမ်၊ အသည်း၊ သွေး စသည့်ကိုယ်တွင်းအင်္ဂါများအတွင်းသို့ ပလတ်စတစ်အမှုန်အမွှားများ ဝင်ရောက်မှုကို ဆေးပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် လူ့ဦးနှောက်အတွင်း ထိတိုင် ပလတ်စတစ်အမှုန်အမွှားများ ဝင်ရောက်မှုကို ဂျာမနီနှင့် ဘရာဇီး ဆေးပညာရှင်များက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဆီးချိုအတွက်သုံးသည့် မက်ဖော်မင်ဆေးက ဇရာဝင်ရောက်မှုအရှိန်ကို လျှော့ချပေးနိုင်

**ပေကျင်း စက်တင်ဘာ ၁၉**

ဆီးချိုရောဂါအတွက် အသုံးများသည့် မက်ဖော်မင်(Metformin) ဆေးသည် ဇရာဝင်ရောက်မှုအရှိန်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံမှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် မျောက်သတ္တဝါများဖြင့် စမ်းသပ်ရာတွင် မျောက်များ၌ ဇရာဝင်ရောက်မှုအရှိန်ကို လျှော့ချပေးထားနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် မျောက်များ၌ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းလာမှုကို လျှော့ချနိုင်ပြီး မှတ်ဉာဏ်စွမ်းရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် မက်ဖော်မင်ဆေးသည် မျောက်များ၏ အရိုးပွမှုနှုန်းကို လျှော့ချပေးနိုင်ပြီး ကိုယ်တွင်းတစ်ရှူးများပြန်လည်နုပျိုလာရေးအတွက် အထောက်အကူပြုကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

မက်ဖော်မင်ဆေးသည် ဇီဝသက်တမ်းအိုမင်းမှု အညွှန်းကိန်းများကို ခြောက်နှစ်ထိလျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်းတရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ မက်ဖော်မင်ဆေးသည် လူသားများ ဇရာဝင်လာမှုအရှိန်ကို လျှော့ချပေးနိုင်မည့် ကုထုံးတစ်မျိုး ဖြစ်လာနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**

**Trs : KKO**








## အာဆင်နယ်နှင့်ပွဲစဉ်တွင် ဒီဘရိုင်း လွဲချော်နိုင်ဟု နည်းပြဂွါဒီယိုလာ ပြောကြား

မန်ချက်စတာ စက်တင်ဘာ ၁၉

မန်စီးတီးအသင်းသည်အင်တာမီလန်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဒီဘရိုင်းအနေဖြင့် ဒဏ်ရာကြောင့် လူစားလဲခဲ့ရကာ လာမည့်စနေနေ့တွင်ကစားရမည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း ဂွါဒီယိုလာက ပြောကြားခဲ့သည်။

ဒီဘရိုင်းသည် အင်တာမီလန်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပထမပိုင်း ပွဲကစားချိန်ပြီးဆုံးခါနီးတွင် အသင်းဖော်ကစားသမား ဂရီလစ်ကိုဘောလုံးပေးပို့ရန်ကြိုးပမ်းခဲ့ရာ ဒဏ်ရာရရှိခဲ့ပြီးနောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ဂန်ဒိုဂန်နှင့် လူစားလဲခဲ့ရသည်။

လက်ရှိတွင် ဒီဘရိုင်း၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေသဖြင့် စက်တင်ဘာ ၂၀ ရက်မှသာ အတိအကျထုတ်ပြန်နိုင်မည်ဖြစ်သော်လည်း လာမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်ကို ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အသင်းဆေးအဖွဲ့၏ပြောကြားချက်ကို နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည်အင်တာမီလန်အသင်းနှင့်ပွဲစဉ်တွင် အပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း အင်တာမီလန်ဂိုးသမား ဆွန်မာ၏ လက်စွမ်းပြသနိုင်မှုနှင့် အသင်းမှ တိုက်စစ်ကစားသမားများ အဆုံးသတ်အားနည်းမှုများကြောင့် ဂိုးမရှိသရေရလဒ်ဖြင့်သာပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

M L

ပဲလေ့စ် Vs မန်ယူ

ကစားမည့်ရက်/အချိန် (၂၁-၉-၂၀၂၄ ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပဲလေ့စ် ၄ - ၀ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| မန်ယူ | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ပဲလေ့စ်အသင်းဟာ ပြီးခဲ့တဲ့သုံးပွဲဆက် ရှုံးပွဲမရှိခဲ့ပေမဲ့ ခံစစ်ပိုင်း အားနည်းချက်ရှိနေတာကြောင့် သုံးပွဲစလုံးပေးဂိုးရှိခဲ့တာကို တွေ့ရမှာပါ။ မန်ယူအသင်းကတော့ နောက်ဆုံးနှစ်ပွဲမှာ ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ကစားပုံကောင်းလာတဲ့အပြင် ဒဏ်ရာရကစားသမားတွေ ပြန်လည်ပါဝင်နိုင်မှာဖြစ်လို့ အခုပွဲမှာပဲလေ့စ်ကို ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် တိုက်စစ်ထက်မြက်လာတဲ့ မန်ယူကိုပဲ ရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် - ပဲလေ့စ် ၁ - ၂ မန်ယူ

## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းသည် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ဒဏ်ရာမကြာခဏရရှိနေသည့် ရီစ်ဂျိမ်း၏နေရာတွင် အစားထိုးရန် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့၌ ကစားသမားသစ်တစ်ဦး ထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် အိုဒီဂတ်အနေဖြင့် ရက်သတ္တသုံးပတ်ခန့် ထပ်မံအနားယူရမည်ဖြစ်ကြောင်း နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ဆာလာဟ်ကို ဆော်ဒီကလပ်အသင်းများက လုပ်ခလစာအများအပြားပေး၍ခေါ်ယူရန် ချဉ်းကပ်မှုပြုလုပ်နေကြောင်း သိရသည်။

ML

## IBF မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် မီဟိုင်းလိုဗစ်ဖြင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ဂျန်နီဘက်ထုတ်ပြန်




ဆစ်ဒနီ စက်တင်ဘာ ၁၉

IBF မစ်ဒယ်ဝိတ်တန်းချန်ပီယံ ကာဇက်စတန် လက်ဝှေ့သမား ဂျန်နီဘက်က လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ရုရှားနွယ်ဖွား နယူးဇီလန်နိုင်ငံသား မီဟိုင်းလိုဗစ်နှင့် အောက်တိုဘာ ၄ ရက်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ထိုးသတ်သွားမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး စိန်ခေါ်သူ မီဟိုင်းလိုဗစ်သည် BF Pan-Pacific၊ WBO Global မစ်ဒယ်ဝိတ်တန်းတို့၏ လက်ရှိ ချန်ပီယံတစ်ဦးဖြစ်သလို ဂျန်နီဘက်သည်လည်း IBF၊ WBO မစ်ဒယ်ဝိတ်တန်းတို့၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်သည်။

၎င်းတို့နှစ်ဦးသည် မစ်ဒယ်ဝိတ်တန်း၏ လက်ရှိအကောင်းဆုံး လက်ဝှေ့သမားများဖြစ်ကြသလို ရှုံးပွဲမရှိစံချိန်မှတ်တမ်းကောင်းကိုလည်း ထိန်းသိမ်းနိုင်ရေးအတွက် အဓိက ပစ်မှတ်ထားနေသော ချန်ပီယံများဖြစ်ကြသော်လည်း ဂျန်နီဘက်သည် စိန်ခေါ်ပွဲပေါင်း ၁၅ ပွဲထိုးသတ်ထားကာ မီဟိုင်းလိုဗစ်က စိန်ခေါ်ပွဲ ၂၁ ပွဲ ထိုးသတ်ထားသည့်အတွက် အတွေ့အကြုံပိုင်းအရ မီဟိုင်းလိုဗစ်က သာလွန်နေသည်။

သို့သော် ဂျန်နီဘက်သည် မစ်ဒယ်ဝိတ်တန်းတွင် Rating အရ နံပါတ်(၁)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး Rating ပိုင်းအရ မီဟိုင်းလိုဗစ်ထက် သာလွန်နေသည့်အပြင် ၂၀၁၃ ခုနှစ်တွင် Asian Championships တွင်လည်းကောင်း၊ World Championshipsတွင် လည်းကောင်း မစ်ဒယ်ဝိတ်တန်း၌ ရွှေတံဆိပ်ဆုရရှိထားကာ ၂၀၁၄ ခုနှစ်တွင် Asian Games ၌ ရွှေတံဆိပ်ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

## နည်းပြဖွန်စီကာ၏နေရာတွင် ဒေါ့မွန်နည်းပြဟောင်း တာဇစ်နှင့်အစားထိုးရန် အေစီမီလန်ကြိုးပမ်း

မီလန် စက်တင်ဘာ ၁၉

အေစီမီလန် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် လီဗာပူးအသင်းကိုသုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဖွန်စီကာ၏နေရာတွင် ဥရောပပြိုင်ပွဲ၌ရလဒ်ကောင်းများရယူနိုင်ခဲ့သည့် ဒေါ့မွန်နည်းပြဟောင်း တာဇစ်နှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

အေစီမီလန် အသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ဆုဖလားရယူပေးနိုင်ခြင်းမရှိသည့် နည်းပြ ပီအိုလီကို ရာထူးမှ ထုတ်ပယ်ကာ စီးရီးအေပြိုင်ပွဲအတွေ့အကြုံရှိသည့် နည်းပြဖွန်စီကာကို ၂၀၂၄ ခုနှစ်ထဲ စာချုပ်ချုပ်ဆိုခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် စီးရီးအေပြိုင်ပွဲ လေးပွဲတွင် တစ်ပွဲသာ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း လီဗာပူးအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအပြောင်းအလဲ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

နည်းပြတာဇစ်သည် ဒေါ့မွန်အသင်းကို တာဝန်ယူခဲ့စဉ်က ရလဒ်ကောင်းများရယူပေးနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းကို ဗိုလ်လုပွဲစဉ်သို့ပို့ဆောင်နိုင်ခဲ့သောကြောင့် အေစီမီလန်အသင်းတာဝန်ရှိသူများက ရလဒ်ဆိုးရွားနေသည့် ဖွန်စီကာ၏နေရာတွင် အစားထိုးရန် အဓိက ပစ်မှတ်ထားနေခြင်းဖြစ်သည်။

နည်းပြတာဇစ်သည် ဒေါ့မွန်အသင်းကိုဘောလုံးရာသီနှစ်ရာသီ တာဝန်ယူခဲ့ရာတွင် ပြိုင်ပွဲစုံ ၁၂၄ ပွဲ၌ ၈၃ ပွဲနိုင်၊ ပွဲ ၂၀ သရေနှင့် ၂၁ ပွဲ ရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲထိရောက်ရှိအောင် ပို့ဆောင်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် သဘောထား မတိုက်ဆိုင်မှုများကြောင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

## ဟိုက်လန်းနှင့် မေဆင်မောင့်တို့ လေ့ကျင့်ခန်းပြန်ဆင်းနေကြောင်း နည်းပြတန်ဟတ်ပြောကြား

မန်ချက်စတာ စက်တင်ဘာ ၁၉

တိုက်စစ်မှူး ဟိုက်လန်းနှင့် ကွင်းလယ်ကစားသမား မေဆင်မောင့်တို့သည် တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေရသော်လည်း ယခုအခါဒဏ်ရာမှ သက်သာလာသဖြင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းပြုလုပ်နေကြောင်း နည်းပြတန်ဟတ်က ထုတ်ဖော်ပြောကြားခဲ့သည်။




တိုက်စစ်မှူး ဟိုက်လန်းသည် ပြီးခဲ့သည့် ရာသီကြိုခြေစမ်းပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် ကစားခဲ့ရာ တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူနေရသူဖြစ်ပြီး မေဆင်မောင့်သည် ရာသီအစ ပွဲစဉ်နှစ်ပွဲတွင် ပါဝင်ကစားခဲ့ကာ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သောကြောင့် အနားယူခဲ့ပြီး ယခုအခါ ကစားသမားနှစ်ဦးစလုံး ဒဏ်ရာသက်သာလာသဖြင့် အသင်းနှင့်အတူ လေ့ကျင့်ခန်း ပြန်ဆင်းနေခြင်းဖြစ်သည်။

နည်းပြတန်ဟတ်သည် အဓိက ကစားသမားများ ဒဏ်ရာပြဿနာကြုံတွေ့နေချိန်တွင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်၌ ဖူလ်ဟမ်အသင်းကိုအနိုင်ရခဲ့သော်လည်း ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးနှင့် လီဗာပူးအသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သောကြောင့် ဖိအားအောက် ကျရောက်ခဲ့ပြီး ရလဒ်ကောင်းရရှိရန် ခက်ခဲခဲ့ကာ ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးပြတ်ပြန်လည်အနိုင်ရခဲ့သည့်အပြင် ကာရာဘောင်းဖလားပြိုင်ပွဲတွင်လည်း ဘာနစ်လေအသင်းကို ခုနစ်ဂိုးပြတ် ထပ်မံအနိုင်ရခဲ့သောကြောင့် တိုက်စစ်ကစားပုံ ထက်မြက်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယုံကြည်မှု ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် အမှတ်ပေးပွဲ လေးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်သာရရှိခဲ့သောကြောင့် အဆင့်(၁၀)တွင်ရောက်ရှိနေပြီး အမှတ်ပေးဇယားထိပ်မှ မန်စီးတီးအသင်းနှင့် ရမှတ် ခြောက်မှတ်ကွာဟနေကြောင်း သိရသည်။

Ref : Sky Sports
Trs : ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ISPE အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ISPE အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ISPEအသင်းနှင့် ရှောဝတီအသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၄၅ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ယဉ်လွန်းအိမ်တို့က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ယဉ်လွန်းအိမ်ကဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက စလင်းအားကစားကွင်းတွင် မြဝတီအသင်းနှင့် YREOအသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မြဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံး မိနစ်တွင် ရူပါခိုင်၊ ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဖြူဖြူဝင်းတို့ကသွင်းယူပေးနိုင်ခဲ့ပြီး YREO အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် သင်းသင်းမော်က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို မြဝတီအသင်းမှ ဖြူဖြူဝင်းက ဆွတ်ခူးပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များ အပြီးတွင် ISPEအသင်းသည် ၁၂ ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီဝက်နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၁)ကို စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ဆက်လက်ကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီဝက် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၁)ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ စက်တင်ဘာ ၂၁ရက် ညနေ ၄နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် ISPEအသင်း၊ စက်တင်ဘာ ၂၃ ရက် ညနေ ၃နာရီခွဲတွင် YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီ သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အသီးသီးကစားသွားမည်ဖြစ်သည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲ မရှိသေးဘဲ ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်နေပြီး ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းကို ရမှတ် သုံးမှတ်ဖြတ်တောက်ထားကြောင်း သိရသည်။

STA

# မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယနေ့မှစတင်ကာ ရန်ကုန်မြို့ MFF Futsal Stadiumတွင် စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ထိုင်းလူမျိုးနည်းပြ Mr.Burnlert Cheroawong က ဆက်လက် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး ယနေ့မှစတင်ကာ ပဏာမကစားသမား ၂၇ ဦးဖြင့် စုဖွဲ့ပြီး စခန်းသွင်းလေ့ကျင့်မှုများကို စတင်လုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr.Burnlert Cheroawong က နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ကျင်းပပြီးစီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲ၊ Max Energy Futsal Amateur Cup 2024ပြိုင်ပွဲ၊ AYA Pay Futsal Championship 2024 ပြိုင်ပွဲတို့တွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ကစားသမားများဖြင့် စုဖွဲ့ခဲ့ခြင်းဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကစားသမားစာရင်းတွင် မိုင်စိုးမြတ်ထွေး၊ ရဲထက်နိုင်၊ မျိုးကိုကိုဦး၊ မြတ်သူ၊ မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ကိုကိုလွင်၊ တိုးတက်အောင်၊ Laphi Zaw Loon၊ အောင်ဌေးဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ ရွှေဝင်းမောင်၊ လွှမ်းသူရ၊မျိုးသက်အောင်၊ကောင်းထက်နိုင်၊ မင်းခန့်သူ၊ စည်သူအောင်၊ ဝေရဦး၊ အောင်ခန့်ပိုင်၊ နိုင်လင်းထွန်းကျော်၊ မျိုးသက်ကျော်၊ သက်နောင်၊ ရဲရင့်ရွှေပေါ၊ ဇင်မင်းဦးနှင့် အာကာတို့ပါဝင်ခဲ့ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့မှ စတင်ပြီး တစ်ရက်လျှင် နှစ်ကြိမ်နှုန်း စခန်းသွင်းလေ့ကျင့်မှုများကို MFF Futsal Stadiumတွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ် နည်းပြနှင့် လမ်းခွဲရန်ဆုံးဖြတ်

**ဝါရှင်တန် စက်တင်ဘာ ၁၉**

US Open တင်းနစ်ပြိုင်ပွဲကို ကမ္ဘာ့အဆင့်(၃) နေရာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်သည် အဆိုပါတင်းနစ်ပြိုင်ပွဲ၌ ရလဒ်မကောင်းခဲ့သည့်အတွက် ကမ္ဘာ့အဆင့်ရပ်တည်ချက် ရမှတ်များကျဆင်းကာ လက်ရှိကမ္ဘာ့အဆင့် (၆)နေရာသို့ကျဆင်းခဲ့ရပြီးနောက် နည်းပြဖြစ်သူ ဂီလ်ဘတ်နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ဦးသဘောတူ လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကိုကိုဂတ်ဖ်သည် ၂၀၂၃ ခုနှစ်တွင် US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ် US Open တင်းနစ်ပြိုင်ပွဲ၌ လက်ရှိချန်ပီယံအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်သော်လည်း စတုတ္ထအဆင့်ထိသာ တက်ရောက်နိုင်ခဲ့သလို အဆိုပါ စတုတ္ထအဆင့်ပွဲစဉ်တွင် Double Faults ၁၉ ကြိမ် ကျူးလွန်ခဲ့သည်ထိအမှားများခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး နည်းပြဖြစ်သူနှင့် ကိုကိုဂတ်ဖ်တို့ အကြားအငြင်းပွားခဲ့ပြီး အဆင်မပြေမှုများရှိလာခဲ့သည်။

အသက် ၂၀ နှစ်ရှိ ကိုကိုဂတ်ဖ် အနေဖြင့် US Open တင်းနစ်ပြိုင်ပွဲရလဒ်နှင့် ပတ်သက်ပြီး စိတ်မကျေမနပ် ဖြစ်ခဲ့ပြီးနောက် နည်းပြဖြစ်သူနှင့် လမ်းခွဲရန် ဆွေးနွေးခဲ့ခြင်းလည်းဖြစ်သည်။

ဂီလ်ဘတ်က "ကျွန်တော်တို့ နည်းပြအဖွဲ့နဲ့ကိုကိုဂတ်ဖ်တို့ ၂၀၂၃ ခုနှစ်မှာ မယုံကြည်နိုင်လောက်အောင် အောင်မြင်မှုတွေရရှိခဲ့ကြတယ်။ ကိုကိုဂတ်ဖ်ကိုလဲ ကမ္ဘာ့အဆင့်ကစားသမားဖြစ်လာအောင် ကူညီပေးနိုင်ခဲ့တယ်။ သူနဲ့လက်တွဲအလုပ်လုပ်ခဲ့ရတဲ့ ၁၄ လတာကာလဟာ မယုံကြည်နိုင်လောက်အောင် ကိုအဆင်ပြေခဲ့ပါတယ်။ သူ အသက် ၂၀ နှစ်ပဲရှိပါသေးတယ်။ သူ့ဘဝတက်လှမ်းတွေ အများကြီးပါ" ဟု ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

STA

**ဗယ်လ်ကာနို Vs ဆိုစီဒက်**

ကစားမည့်ရက်/အချိန် (၂၁-၉-၂၀၂၄ ည ၀၆:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆိုစီဒက် ၀ - ၁ ဗယ်လ်ကာနို

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ဆိုစီဒက် | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |

လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ဆိုစီဒက်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ ဗယ်လ်ကာနိုအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ ကစားသမားစုဖွဲ့မှုပိုင်းအသာစီးမှာရှိနေတဲ့ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဗယ်လ်ကာနို ၁ - ၂ ဆိုစီဒက်

# ပြင်သစ်လီဂူး ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်လီ Vs စထရာဘော့**

ကစားမည့်ရက်/အချိန် (၂၁-၉-၂၀၂၄ ည ၀၉:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိုင်လီ ၁ - ၀ စထရာဘော့

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| စထရာဘော့ | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ လိုင်လီအသင်းဟာ အခုအိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ ပြင်ဆင်လာမှာပါ။ စထရာဘော့အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ လိုင်လီအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - လိုင်လီ ၁ - ၀ စထရာဘော့

# မဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်မြှင့်တင်ခဲ့သော တရုတ်နှင့်တောင်အာဖရိက

ကမ္ဘာလုံးဆိုင်ရာ အာဏာအပြောင်းအလဲများ ဖြစ်ပေါ်နေသည့်အချိန်တွင် တရုတ်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့သည် ၎င်းတို့၏ မဟာမိတ်ဆက်ဆံရေးကို တောင့်တင်းခိုင်မာအောင် ထူထောင်လျက်ရှိသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းကို ဖန်တီးရာတွင် အနာဂတ်ကို မျှဝေသွားမည့်စိတ်ဓာတ်ကိုအခြေခံလျက် အဓိကကျသောဖိသုကာများအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

တောင်အာဖရိကသမ္မတ ခါရစ်ရာမာဖိုဆာသည် တရုတ်-အာဖရိကဆက်ဆံရေးအတွက် အရေးပါသော ပလက်ဖောင်းဖြစ်သည့် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဆွေးနွေးပွဲဆိုင်ရာ ၂၀၂၄ ခုနှစ်ဖိုရမ် တက်ရောက်ခြင်းနှင့်အတူ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်အာဖရိကသမ္မတ ခါရစ်ရာမာဖိုဆာတို့၏ တွေ့ဆုံမှုအတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် မဟာဗျူဟာမြောက် မဟာမိတ်ဆက်ဆံရေး တောင့်တင်းခိုင်မာစေရန်၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့်အညီ ဆောင်ရွက်သွားရန် ထပ်လောင်းကတိကဝတ်ပြုခဲ့ကြသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာ၂ ရက်တွင် တောင်အာဖရိကသမ္မတ ခါရစ်ရာမာဖိုဆာနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က ၎င်းတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် ခေတ်သစ်ကာလတွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသို့ ပြောင်းလဲတိုးတက်လာလျက်ရှိကြောင်း ကြေညာသွားခဲ့သည်။ ထိုသို့ကြေညာခြင်းသည် ကမ္ဘာလုံးဆိုင်ရာပြဿနာများတွင် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန်၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် နိုင်ငံရေးဆိုင်ရာယုံကြည်မှုတို့တည်ဆောက်ရန် နှစ်နိုင်ငံစလုံး၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဆိုပါကြေညာချက်သည် တရုတ်နှင့်တောင်အာဖရိကကြားဆက်ဆံရေးတွင် ခေတ်သစ်ကာလ စတင်မှု အမှတ်သင်္ကေတပင်ဖြစ်သည့်အတွက် ကူးသန်းရောင်းဝယ်မှု၊ နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် ပြည်သူအချင်းချင်းတို့ကြား ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် အလားအလာကောင်းမွန်လာမည်ဖြစ်သည်။

တရုတ်-တောင်အာဖရိကဆက်ဆံရေး တိုးတက်လာခြင်းသည် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းမြှင့်တင်ခြင်း၊ နိုင်ငံတကာအင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးကူညီခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများအတွက် ရပ်တည်ပေးခြင်း၊ အထူးသဖြင့် ကုလသမဂ္ဂ၊ BRICS နှင့် G-20 ကဲ့သို့သော နိုင်ငံတကာမူဘောင်များတွင် ခိုင်မာအားကောင်းသော နိုင်ငံရေးဆိုင်ရာ ထပ်တူကျမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ထို့ပြင် ခိုင်မာအားကောင်းသော မိတ်ဖက်ဆက်ဆံရေးသည် တောင်အာဖရိကထုတ်ကုန်များအတွက် ဈေးကွက်မြှင့်တင်နိုင်ခြင်း၊ တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်းအပြင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော ဖွံ့ဖြိုးဆဲစက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာစေမည်ဖြစ်သည်။

သို့သော် တောင်အာဖရိကနှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်မှုသည် ဟန်ချက်ပျက်လျက်ရှိသည်။ တောင်အာဖရိကသည် တွင်းထွက်နှင့်စိုက်ပျိုးရေးထုတ်ကုန်များကဲ့သို့သော ကုန်ကြမ်းပစ္စည်းများ တင်ပို့နေရသည့်အချိန်တွင် တရုတ်နိုင်ငံမှ တန်ဖိုးမြင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းရလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော ကုန်စည်ကိုသာ တင်ပို့ခဲ့သော်လည်း တရုတ်နိုင်ငံဘက်မှ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်တန်ဖိုးရှိသည့် တရုတ်လူသုံးကုန်ပစ္စည်းများ တင်သွင်းခဲ့ရသည်။

ထိုကွာဟချက်ကို လျှော့ချနိုင်ရေးအတွက်



တောင်အာဖရိကသမ္မတသည် သာတူညီမျှရှိသော ကုန်သွယ်မှုဆက်ဆံရေးထူထောင်သွားရန် တောင်းဆိုခဲ့သည်။ ထိုသို့ လုပ်ဆောင်သွားမည်ဆိုလျှင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ကုန်ကြမ်းပစ္စည်းများအစား ထုတ်လုပ်ပြီးကုန်ပစ္စည်းများ၊ စီမံပြုပြင်ထားသည့် တွင်းထွက်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကဲ့သို့သော တောင်အာဖရိက၏ တန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုတင်သွင်းပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။ တန်ဖိုးမြင့်ထုတ်ကုန်များတင်ပို့ခြင်းသည် တောင်အာဖရိကကို စက်မှုလုပ်ငန်းများ တိုးတက်ရေးနှင့် အရောင်းကွင်းဆက်တန်ဖိုးမြှင့်တင်နိုင်ရေးတို့ကိုအထောက်အကူပြုပြီး ကုန်ကြမ်းပစ္စည်းများတင်ပို့နေရမှုကို မှီခိုနေရသည့်အားနည်းချက်ကို လျှော့ချစေနိုင်မည်ဖြစ်သည်။ ထို့ပြင် တောင်အာဖရိကသမ္မတ ခါရစ်ရာမာဖိုဆာသည် တရုတ်သမ္မတရှီကျင့်ဖျင်ကို ရေရှည်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် တောင်အာဖရိကစီမံကိန်းများကိုလည်း ရန်ပုံငွေထူထောင်မှုကို ဦးစားပေးလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားသွားခဲ့သည်။

တောင်အာဖရိကသမ္မတ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခြင်းသည် တရုတ်နှင့်တောင်အာဖရိကကြား ပူးပေါင်းဆောင်ရွက်မှု၏ အချို့သောနယ်ပယ်များကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ တောင်အာဖရိကသည် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာတည်နေရာရှာဖွေမှုစနစ်(GPS)နေရာတွင် တရုတ်နိုင်ငံ၏ Bei Dou လမ်းကြောင်းရှာဖွေမှုဂြိုဟ်တုစနစ်ဖြင့် အစားထိုးသွားရန် သဘောတူညီထားရှိသည်။ အမျိုးသားအခြေခံအဆောက်အအုံတွင် Bei Douပေါင်းစပ်ခြင်းဖြင့် တောင်အာဖရိကသည် ကမ္ဘာလုံးဆိုင်ရာဂြိုဟ်တုစနစ်အတွင်းသို့ ချိတ်ဆက်သွားနိုင်မည်ဖြစ်သည့်အတွက် GPS၊ ဥရောပ၏ Galileo စနစ်များအပေါ်တွင် မှီခိုနေရမှု လျှော့ချသွားနိုင်မည်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် တောင်အာဖရိက၏ နည်းပညာပိုင်းဆိုင်ရာစွမ်းဆောင်ရည်များနှင့် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်တို့ မြှင့်တင်ရေးအတွက် သိသာထင်ရှားသော ခြေလှမ်းပင်ဖြစ်သည်။

တောင်အာဖရိကတွင် ပြည်သူများ လျှပ်စစ်လိုအပ်ချက်လျှော့ချရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် လျှပ်စစ်ထုတ်လုပ်ရေး တရုတ်ကုမ္ပဏီရှစ်ခုသည် လိုအပ်သောပစ္စည်းများနှင့် နည်းပညာအထောက်အကူပေးရန် ကတိကဝတ်ပြုထားသည်။ တောင်အာဖရိကနိုင်ငံကို လတ်တလောစွမ်းအင်လိုအပ်ချက် လျှော့ချရေးအတွက် အကူအညီများပေးအပ်လျက်ရှိသည့်အပြင် ထိုသို့ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်းသည် တရုတ်နိုင်ငံကို အာဖရိကဒေသတွင် နိုင်ငံရေးဆိုင်ရာလွှမ်းမိုးမှုများ သိသိသာသာ မြင့်တက်လာစေမည်ဖြစ်သည်။

ထို့ပြင် စွမ်းအင်အသစ်အပေါ် အလေးထားခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံစလုံး၏ ရည်မှန်းချက်များနှင့် ကိုက်ညီလျက်ရှိသည်။ တရုတ်နှင့်တောင်အာဖရိကတို့သည် ပြည်တွင်းစွမ်းအင်လုံခြုံမှုခိုင်မာအားကောင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊စွမ်းအင်သိုလှောင်မှုနှင့်စွမ်းအင်ထုတ်လွှတ်မှုနည်းပညာတို့အတွက် အရင်းအမြစ်များ ခွဲဝေပေးခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာကြိုးပမ်းမှုများကို အထောက်အကူပြုစေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် တောင်အာဖရိကနိုင်ငံကို ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ထက် အလယ်အလတ်အဆင့်အင်အားကြီးနိုင်ငံအဖြစ် အသိအမှတ်ပြုလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် တောင်အာဖရိကနိုင်ငံကို အခြားသောအာဖရိကနိုင်ငံများထက် ပိုမိုချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ဖိအားပေးချဉ်းကပ်ဆောင်ရွက်မှုများသည် နိုင်ငံတကာရေးရာများတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ထိခိုက်စေနိုင်ပြီး အာဖရိကဆိုင်ရာအစီအမံများကိုလည်း ကြန့်ကြာစေနိုင်သဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ရပ်တည်ချက် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး တောင်အာဖရိက၏ အခြေခံအဆောက်အအုံတွင် အချိန်ယူကာ သတိထားပေါင်းစည်းသွားဖွယ်ရာရှိပေသည်။

ယူကရိန်းအရေးတွင်လည်း တရုတ်နိုင်ငံ၏ ရပ်တည်ချက်အပေါ် တောင်အာဖရိက၏ထောက်ခံမှုသည် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းထူထောင်မှုဘုံရည်မှန်းချက်အပေါ် နှစ်နိုင်ငံအနေဖြင့် ရပ်တည်ချက်တူညီမှုရှိကြောင်း ပြသလျက်ရှိသည်။ တရုတ်နိုင်ငံ၏ သံခင်းတမန်ခင်းချဉ်းကပ်မှုနှင့် စပ်လျဉ်း၍ တောင်အာဖရိကသမ္မတ ခါရစ်ရာမာဖိုဆာသည် ဘက်မလိုက်လှုပ်ရှားမှုနှင့် ယူကရိန်းအရေးတွင် နိုင်ငံရေးအရအဖြေရှာရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ခြောက်ရပ်ကို လက်ခံခြင်းဖြင့် ဆွေးနွေးမှုအခြေခံသော ပဋိပက္ခဖြေရှင်းခြင်းတို့တွင် တောင်အာဖရိက၏ ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

နှစ်နိုင်ငံ၏လွှမ်းမိုးမှု ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် အနောက်အုပ်စု၏ လွှမ်းမိုးမှုကို ဟန်ချက်ထိန်းညှိခြင်းတို့အပြင် နိုင်ငံတကာဖိုရမ်များတွင် ပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုးရိမ်ပူပန်မှုများအတွက် အားလုံးအကျုံးဝင်မည့် နိုင်ငံတကာအင်စတီကျူးရှင်းများ ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေးဘုံကြိုးပမ်းမှုကို ပြသလျက်ရှိသည်။

အာဖရိကတိုက်တွင် ဖွံ့ဖြိုးပြီးစီးပွားရေးလုပ်ငန်းများအနက်တစ်ခုဖြစ်သည့်အပြင် တောင်ပိုင်းအာဖရိကနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအသိုက်အဝန်းနှင့် အာဖရိကသမဂ္ဂတို့၏ ထင်ရှားသောအဖွဲ့ဝင်နိုင်ငံဖြစ်သည့် တောင်အာဖရိကနိုင်ငံသည် ဒေသတွင်းရေးရာများတွင်ဩဇာလွှမ်းမိုးပြီး အာဖရိကနှင့် ပိုမိုနက်ရှိုင်းသော ထိတွေ့ဆက်ဆံမှုအတွက် ဝင်ပေါက်တစ်ခုအဖြစ် အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် တောင်အာဖရိကသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက်အရေးပါလျက်ရှိသည်။ အာဖရိကတိုက်ဆိုင်ရာမူဝါဒများရုပ်လုံးပေါ်ရေး တောင်အာဖရိက၏စွမ်းဆောင်ရည်ဖြင့် BRICS နှင့် G-20 ကဲ့သို့သော နိုင်ငံပေါင်းစုံပါဝင်သောဖိုရမ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်း ပိုမိုဟန်ချက်ထိန်းညှိရေးဆိုသည့် တရုတ်နိုင်ငံ၏ဦးတည်ချက်များနှင့် ကိုက်ညီလျက်ရှိသည်။

ခေတ်သစ်ကာလတွင် တရုတ်-တောင်အာဖရိက ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထုတ်ပြန်ချက်သည် နိုင်ငံရေးဆိုင်ရာယုံကြည်မှု၊ စီးပွားရေးဆိုင်ရာဆက်ဆံရေးနှင့်ကုန်သွယ်မှု၊ နည်းပညာနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော အရေးပါသောနယ်ပယ်များတွင် ပူးပေါင်းကြိုးပမ်းမှုများ ခိုင်မာအားကောင်းစေရန် မျှဝေသွားမည့် အနာဂတ်ရည်မှန်းချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။ ကုန်သွယ်မှုကွာဟချက်များ ဖြေရှင်းခြင်း၊ BeiDouဂြိုဟ်တုဆက်သွယ်ရေးစနစ်ကဲ့သို့သော စီမံကိန်းများမှတစ်ဆင့် နည်းပညာစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ခြင်းအပြင် စဉ်ဆက်မပြတ် စွမ်းအင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ အားပေးခြင်းဖြင့် နှစ်နိုင်ငံစလုံးသည် နိုင်ငံတကာရေးရာများတွင် လွှမ်းမိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တိုးတက်ပြောင်းလဲလာသော ဆက်ဆံရေးသည် နှစ်နိုင်ငံစလုံးကို အကျိုးဖြစ်ထွန်းစေရုံသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည့် နိုင်ငံတကာအင်စတီကျူးရှင်းများနှင့် မူဘောင်များ ပြန်လည်ပုံဖော်တည်ဆောက်ရာတွင်လည်း အထောက်အကူပြုသွားလိမ့်မည်ဖြစ်ပေသည်။

**ကိုးကား**

**– During Ramaphosa's Visit, China and South Africa Upgrade Strategic Ties by The Diplomat**

**မောင်စိန်အိ(နဘဲမြေ)**

# သူချစ်ခင် ရုပ်ရှင်ဇာတ်ကား Media Show သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်




**ရန်ကုန် စက်တင်ဘာ ၁၉**

ယခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် သူချစ်ခင် ရုပ်ရှင်ဇာတ်ကား Media Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဒါရိုက်တာ မယ်မင်းဘုံကပြောပြ၍ သိရသည်။

သူချစ်ခင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညီချောက ရေးသားထားကာ ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး ဒါရိုက်တာအဖြစ်လည်း မယ်မင်းဘုံကပင် အောင်သီရိ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဘုံကို ဆိုရင် အလောင်းကားတွေပဲ ရိုက်တဲ့ဒါရိုက်တာလို့မြင်နေကြတယ်။ ဒါကြောင့် ဘုံတို့ အိမ်ထောင်ဇာတ်လမ်းတွဲက ပရိသတ်အားပေးမှုရရှိခဲ့တဲ့ သူချစ်ခင်ရဲ့ ဇာတ်ကောင်ကို ပြန်လည်ဆန်းသစ်ပြီး ရိုက်ကူးထားကြတာပါ။ အိမ်ထောင် ထုတ်လွှင့်ချိန်က ပရိသတ်တွေကြည့်ပြီး ပူလောင်ခဲ့ရတယ်။ စိတ်မွန်းကျပ်ပင်ပန်းခဲ့ကြရတယ်။ ဒါတွေကို ဘုံအနေနဲ့ စိတ်အမောပြေစေဖို့ ဖန်တီးလိုက်တာပါ။ ဘုံတို့ ရေဘေးကြုံတွေ့ချိန်မှာ တိုက်ဆိုင်စွာနဲ့ ရုံတင်ရက်သတ်မှတ်ချိန်နဲ့ တိုက်သွားတာပါ။ ဘုံတို့ ဇာတ်ကား ရုံမတင်ခင်မှာလဲ ရေဘေးသင့်ပြည်သူတွေအတွက် ငွေကျပ်သိန်း ၁၀၀ နဲ့ အစားအစာ၊ အဝတ်အထည်တွေကို မခိုင်နှင်းဝေဆီကတစ်ဆင့် လှူဒါန်းထားပါတယ်။ ဒါ့ပြင် ဒီရုပ်ရှင်ဇာတ်ကား ရုံတင်ပြချိန်မှာလဲ ရရှိလာတဲ့အကျိုးအမြတ်တချို့ကို ရေဘေးသင့်ပြည်သူတွေထံ ထပ်မံလှူဒါန်းသွားမှာပါ"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

သူချစ်ခင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ညီထွဋ်ခေါင်၊ ဗညားဘုန်းပြည့်၊ ချောရတနာ၊ ရတနာဗို၊ သင်းသဲဗို၊ ထက်ထက်ထွန်း၊မေတိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Office Romance ဇာတ်ကားတွင် ဂျင်နီဖာလိုပက်နှင့်ဘရက်ဂိုးစတိန်းတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၉**

Netflix ကုမ္ပဏီ၏ Office Romance အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ဂျင်နီဖာလိုပက်နှင့်မင်းသား ဘရက်ဂိုးစတိန်းတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Office Romance ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဘရက်ဂိုးစတိန်းက တာဝန်ယူ ရေးသားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် Office Romance ဇာတ်ကား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသမီး ဂျင်နီဖာလိုပက်သည် ယခုနှစ် နှစ်စပိုင်းတွင် Netflix ၏ Allas အမည်ရှိ သိပ္ပံဇာတ်ကားတွင် မင်းသား ဆီမုလျူနှင့် အတူ ပါဝင်သရုပ်ဆောင်ထားသည်။

ထို့ပြင် ဂျင်နီဖာလိုပက်သည် Netflix ၏ The Mother (2023) ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ဖူးသည်။

လက်ရှိအချိန်တွင် Office Romance ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်အချိန်တို့ကို Netflix ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် အကယ်ဒမီ ဝါဝါဝင်းရွှေက ငွေကျပ် သုံးသိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် အကယ်ဒမီ ဝါဝါဝင်းရွှေက ငွေကျပ် သုံးသိန်းကို စက်တင်ဘာ ၁၈ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ထို့ပြင် သရုပ်ဆောင် အကယ်ဒမီ ဝါဝါဝင်းရွှေက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ရုပ်ရှင်အနုပညာရှင်တချို့နှင့် တွေ့ဆုံခဲ့ပြီး ရုပ်ရှင်အစည်းအရုံး ဝတ်အသင်းအဖွဲ့ဝင်များကိုလည်း အာဟာရဒါနအဖြစ် ဒံပေါက်ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီအလှူလေးက ရုပ်ရှင်အစည်းအရုံးမှာ နှစ်စဉ်နှစ်တိုင်းကျင်းပတဲ့ သက်ကြီးပူဇော်ပွဲအတွက် အန်တီဝါက နှစ်တိုင်းလဲ လှူဖြစ်ပါတယ်။ ဒီနှစ်ကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဥက္ကဋ္ဌကြီးဆီမှာ အန်တီဝါ ငွေကျပ် သုံးသိန်း လာလှူပါတယ်။ နောက်ပြီး ရုပ်ရှင်အစည်းအရုံးမှာ ဝတ်ရွတ်ကြတဲ့ ကိုယ့်လောကသားတွေ ဝန်ထမ်းတွေ၊ အနုပညာမိသားစုအားလုံးအတွက် အာဟာရဒါန ဒံပေါက်လဲ လှူဒါန်းခဲ့ပါတယ်။ အနုပညာသက်တမ်း နှစ် ၆၀ ကျော်မှာ အနုပညာရှင်၊ အတတ်ပညာရှင်၊ စက်သမားတွေ ကိုယ့်လောကသားတွေ ဆုံကြတဲ့အချိန် အဲအချိန်ကတော့ သူတို့လဲ ကျန်းကျန်းမာမာနဲ့ လာနိုင်ကြတယ်၊ တွေ့နိုင်ကြတယ်ဆိုတော့ ပီတိဖြစ်မိပါတယ်"ဟု သရုပ်ဆောင် အကယ်ဒမီ ဝါဝါဝင်းရွှေက ပြောပြသည်။



အဆိုပါ လှူဒါန်းငွေ ပေးအပ်သည့် အစီအစဉ်သို့ သရုပ်ဆောင် အကယ်ဒမီ မြင့်မြင့်ခင်၊ အကယ်ဒမီ ချိုပြုံး၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ နာယကကြီး ဦးအောင်လွင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သရုပ်ဆောင် အကယ်ဒမီ ဝါဝါဝင်းရွှေသည် စက်တင်ဘာ ၁၇ ရက်ကလည်း ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀ ကို ခိုင်နှင်းဝေ ဖောင်ဒေးရှင်းသို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# War Machine အက်ရှင်ဇာတ်ကား ဩစတြေးလျနိုင်ငံ၌ ရိုက်ကူးနေပြီဖြစ်

**နယူးယောက် စက်တင်ဘာ ၁၉**

Netflix ကုမ္ပဏီက War Machine အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ဩစတြေးလျနိုင်ငံ၌ တရားဝင်စတင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

War Machine ဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဟက်က တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ပြီး ဒါရိုက်တာ ပက်ထရစ်ဟက်သည် The Hitman's Bodyguard ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်သည်။

War Machine ဇာတ်ကားတွင် မင်းသား အလန်ရစ်ဆန်၊ ဒင်းနစ်ကွမ်၊ စတီဗင်ဂျိမ်းနှင့် မင်းသမီး ဂျိုးကုတ္တနေးတို့ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

War Machine ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ဩစတြေးလျနိုင်ငံအပြင် နယူးဇီလန်နိုင်ငံတွင်လည်း ရိုက်ကူးရန် Netflix က စီစဉ်ထားသည်။

လက်ရှိတွင် War Machine ဇာတ်ကား ထုတ်လွှင့်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO




# တေးသံရှင် ဝိုင်းမွန်၏ အမှိုက်ပုံးထဲကသီချင်းများတေးစီးရီး မိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

Mercury Band တေးဂီတအဖွဲ့၏ပင်တိုင်တေးသံရှင် ဝိုင်းမွန်၏ Mercury Band ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထွက်ရှိလာမည့် အမှိုက်ပုံးထဲက သီချင်းများ တေးစီးရီး မိတ်ဆက်ပွဲကို စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မှော်ရုံ စားသောက်ဆိုင်တွင်ပြုလုပ်ခဲ့ကြောင်း တေးသံရှင် ဝိုင်းမွန်က ပြောပြ၍ သိရသည်။

အမှိုက်ပုံးထဲက သီချင်းများ တေးစီးရီးတွင် အော်တာနေးတစ်၊ မော်ဒန်ဆန်ဆန်တေးသီချင်း အမျိုးအစားများပါဝင်ထားပြီး စီးကရက်မလေး၊ တစ်ခါသုံး၊ အမှောင်လင့်ဆုံးနေ့၊ ဇာတ်ထုတ်ထဲကအတိုင်း၊ ထာဝရပျက်လုံး၊ Pollyanna အမည်ရှိ တေးသီချင်း ခြောက်ပုဒ် ပါဝင်ထားကြောင်း သိရသည်။

"အမှိုက်ပုံးထဲကသီချင်း တေးစီးရီးကို လုပ်နေတာတော့ ကြာပါပြီ။ နှစ်ကာလဆိုရင်တော့ ငါးနှစ်လောက်တော့ရှိပါပြီ။ အခုမှ Mercury Band ရဲ့ ငါးနှစ်ပြည့် Anniversary အနေနဲ့ ထွက်ရှိမှာ ဖြစ်ပါတယ်။ အမှိုက်ပုံးထဲက သီချင်းဆိုတာက ကျွန်တော်တို့စိတ်ထဲမှာ ခံစားရတဲ့ သီချင်းတွေကို ဆိုလိုချင်တာပါ။ ဒါကတော့ အနုပညာတင်ဆက်မှုတစ်ခုပါ။ အမှိုက်ပုံးထဲက သီချင်းများဆိုတဲ့ ခေါင်းစဉ်အတိုင်းပဲ အိတ်လေးနဲ့ အမှိုက်ပုံးလေးထဲမှာ ကျွန်တော်တို့ရဲ့သီချင်း Memories လေးကို ထည့်ပေးထားပါတယ်"ဟု Mercury Band ၏ ပင်တိုင် တေးသံရှင် ဝိုင်းမွန်က ပြောပြသည်။

အမှိုက်ပုံးထဲက သီချင်းများ တေးစီးရီကို ယခုလအတွင်း Online Platform များမှတစ်ဆင့် နားဆင်ခံစားရမည်ဖြစ်ပြီး အဆိုပါ တေးစီးရီးတွင် ပါဝင်သည့် တေးသီချင်းများကို တေးသံရှင် ဝိုင်းမွန်က သီဆိုပြီး Samuel David က တီးခတ်ပေးထားကြောင်း သိရသည်။

ASH

# More than 70,000 acres of monsoon crops thriving in Kyunhla Township


A thriving monsoon crop plantation.

**Kyunhla September 19**

Statistics of Kyunhla Township in Sagaing Region recently stated that a total of 79,630 acres of monsoon crops have been planted in the township this monsoon.

In 2024-25 monsoon season, the township authorities earmarked cultivation of 76,858 acres of monsoon crops but local farmers planted 79,630 acres of crops exceeding the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department said: "Local farmers exceeded cultivation of 79,630 acres of monsoon crops more than the target of 76,858 acres this monsoon. Our department helped local farmers grow monsoon crops in time with agricultural techniques."

This year, local farmers have grown 34,098 acres of paddy, 1,6950 acres of pulses and beans, 7,319 acres of oil crops, 51 acres of sugarcane, 19,663 acres of other crops, and 1,549 acres of perennial crops, totalling 79,630 acres.

As agricultural inputs are very expensive, the township Agriculture Department gives training on making natural fertilizers and pests to local farmers so as to cut agricultural charges.

Farmers grow crops with irrigated water as well as rain-fed facilities. Officials of Kyunhla Township Agriculture Department share agricultural technologies with local farmers.

206

# Türkiye warns of regional escalation after deadly device explosions in Lebanon

**Ankara September 19**

Israel has started to "escalate the attacks step by step towards Lebanon," and the escalation in the region is worrying, Turkish Foreign Minister Hakan Fidan said Thursday.

"We have reached a point where the Israeli operation is becoming more and more provocative, and Hezbollah and Iran no longer have any option but to respond," Fidan told the semi-official Anadolu Agency.

The explosions in Lebanon are part of Israel's strategy on the Gaza conflict, and it aims to "see Gaza accounts first and then shift to Lebanon," he said.

Fidan said he spoke with Lebanese Prime Minister Najib Mikati after the explosions in Lebanon and offered Türkiye's medical support if needed.

Lebanese officials reported that explosions targeting pagers and handheld radios killed at least 37 people and injured more than 2,931 others across Lebanon on Tuesday and Wednesday.

Meanwhile, Israeli Defense Minister Yoav Gallant announced on Wednesday that Israel has entered a "new phase" in its conflict with Hezbollah.

Xinhua

# Ye-U District plans to cultivate 2,600 acres of onions in upcoming winter season

**Ye-U September 19**

According to records from the Department of Agriculture of Ye-U District, Sagaing Region, 2,600 acres of onions will be cultivated during the upcoming winter cropping season in Ye-U District this year.

For the 2024-2025 winter cropping season, the allocation for onion cultivation in Ye-U District is as follows: 1,721 acres in Ye-U Township, 440 acres in Tanse Township, and 439 acres in Debayin Township, totaling 2,600 acres.

"This year, we have planned to cultivate over 2,000 acres of onions during the winter cropping season in Ye-U District. We will strive to ensure that the planned acreage is fully cultivated. The onion cultivation process will proceed as usual. There are also efforts to facilitate connections to help farmers get good market prices for their onions," said District Agriculture Officer Zaw Myint Tun from the Department of Agriculture, Ye-U District.

In Ye-U District, the respective Township Departments of Agriculture are working to help onion farmers obtain good market prices by facilitating market connections. They are also providing technology to enable long-term storage of onions, supporting cultivation using the GAP (Good Agricultural Practices) method, and ensuring high-quality onion production.

It is reported that the cost of onion cultivation is around 1.8 million kyats per acre, with an average yield of 5,000 viss per acre. In Sagaing Region, onions are widely cultivated, with the highest-producing townships being Monywa, Yinmabin, Chaung-U, Shwebo, and Myinmu.

206


An onion plantation.

# UN chief appeals for spirit of compromise at Summit of Future

**New York September 19**

UN Secretary-General Antonio Guterres called for a spirit of compromise at the upcoming Summit of the Future, saying that discussions on the outcome of the summit "are in the final stretch."

Speaking to reporters at the UN headquarters in New York for the two-day summit, scheduled to open on Sunday, Guterres said he has "one overriding message today: an appeal to member states for a spirit of compromise."

"Show the world what we can do, when we work together," said the UN chief.

He noted that the summit is critical as it "was born out of a cold, hard fact: international challenges are moving faster than our ability to solve them," pointing to out-of-control geopolitical divisions and runaway conflicts, in addition to "runaway" climate change, inequalities and debt, and development of new technologies like artificial intelligence that lack guidance or guardrails.

"And our institutions simply can't keep up," Guterres warned.

Underscoring that crises are interacting and feeding off each other, and global institutions and frameworks are totally inadequate to deal with these complex and even existential challenges, he said it is no great surprise as those institutions "were born in a bygone era for a bygone world."

Xinhua



United Nations Secretary-General Antonio Guterres briefs reporters ahead of the Summit of the Future, at the UN headquarters in New York, on Sept. 18, 2024.

# Kanbalu Township to cultivate over 96,000 acres of winter sesame this year

**Kanbalu September 19**

This year, in Kanbalu Township, Kanbalu District, Sagaing Region, it is expected that 96,716 acres of winter sesame will be cultivated during the upcoming winter crop planting season, according to records from the Kanbalu Township Agriculture Department.

For the 2024-2025 winter crop planting season, Kanbalu Township is set to plant 96,716 acres of winter sesame, starting from October and continuing until December of this year.

"We plan to cultivate over 90,000 acres of winter sesame in Kanbalu Township during the upcoming winter crop planting season. Efforts will be made to achieve the targeted acreage. The sesame cultivation area has been gradually expanding year by year. Sesame is mainly planted in the winter rather than the rainy season, and it remains a successful oilseed crop," said U Myo Zaw, the Head of Kanbalu Township Agriculture Department.

This year, the Kanbalu Township Agriculture Department will provide knowledge to farmers who cultivate sesame during the rainy season to promote increased sesame cultivation, better planting techniques, and the use of the GAP (Good Agricultural Practices) system, as well as to encourage planting high-quality seeds and high-yield varieties.

Crops produced under the GAP system have better quality, fetch higher prices, and can be sold not only in domestic markets but also exported to foreign markets. As a result, farmers producing crops using the GAP system will see improved profits and an enhanced socio-economic status. 206

# Myanmar earns over $353 million from rice exports in five months, plans new export zones


Bags of rice being loaded onto a vessel at Yangon Port.

**Nay Pyi Taw September 19**

According to reports from the Myanmar Rice Federation, over 200,000 tons of rice and broken rice were exported during the five-month period from April to August of the 2023-2024 fiscal year, generating more than USD 350 million in foreign income. Myanmar continues to export rice and broken rice to international markets monthly, and during the five-month period from April to August of the current 2024-2025 fiscal year, 207,369.9 tons of rice and broken rice were exported, generating US$353 million in foreign income.

Specifically, in April 2024, 111,862 tons of rice and broken rice worth $55 million were exported; in May, 71,279.5 tons worth $36 million; in June, 162,325.75 tons worth $84 million; in July, 165,444.2 tons worth $81 million; and in August, 207,369.9 tons worth $97 million. In total, 718,281.45 tons of rice and broken rice worth $353 million were exported.

To increase rice exports, the Myanmar Rice Federation plans to establish Export Zones in three regions — Bago, Mandalay, and Ayeyawady — to produce the types of rice requested by international markets. According to government-private sector negotiations, six types of rice, including "Sinthukha" and "90-day" varieties, will be prioritized for export to meet foreign market demands. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Pwintbyu Township to plant 12,805 acres of winter sunflowers

**Pwintbyu September 19**

A total of 12,805 acres of sunflowers will be planted in Pwintbyu Township, Magway Region in the coming winter crops planting season, according to the Department of Agriculture for Pwintbyu Township.

It is known that the local farmers in Pwintbyu Township are cultivating sunflowers during the rainy and winter seasons in order to increase the oil consumption and increase the income.

"In the upcoming winter crops planting season, Pwintbyu Township has targeted 12,805 acres of sunflower cultivation in the entire township. We will work to reach the target area. Regarding sunflower cultivation, we will provide support to local farmers to obtain the necessary good varieties, correct cultivation methods, and improve yields," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.


Workers plucking sunflowers.

In the 2024-2025 winter crops planting season, 12,805 acres of sunflowers will be planted in order to increase the capacity of oilseed crop cultivation and to increase the self-sufficiency of oil for domestic consumption in Pwintbyu Township.

Ye Win Naing (NyaungU)

# Hinthada supplies Yangon market with 65,000 bags of cow peas in August

**Hinthada September 19**

A total of 65,000 16-basket bags of cow peas from Hinthada Township, Ayeyawady Region were sold in August to Yangon Market, said Daw Hsu Mon, an agricultural produce trader in Hinthada Township.

During July, only 40,000 bags of cow peas were transported from Hinthada Township to Yangon market. These local cow peas were purchased by traders from Hinthada Township and shipped to Yangon.

"The quality of the cow peas sold to the Yangon market and the local market is good. We sold many bags of cow peas from Hinthada Township to Yangon in August. Since we can ship and sell to other markets, we can also exchange goods and the price is also good. The purchase of the cow peas from the Yangon market is strong. The sale of cow peas is increases due to the domestic consumption. Since the sale of cow peas to the Yangon market has increased, it is convenient for traders as well as workers," she said KKL


Samples of cow peas.

# Kyaukmyaung sub-township cultivates 4,014 acres of rain-fed rice

**Kyaukmyaung September 19**

A total of 4,014 acres of rain-fed rice have been planted at the time of this year's rain crops planting season in Kyaukmyaung Sub-Township, Shwe Bo District, Sagaing Region, according to statistics from the Department of Agriculture for Kyaukmyaung Sub-Township.

During the 2024-2025 rain crops planting season, 4,000 acres of rain-fed rice are planned to be planted in Kyaukmyaung Sub-Township, and 4,014 acres have been planted since July this year.

"At present, we can plant more than the designated acres for rain-fed rice cultivation. For rain-fed rice cultivation, the necessary technology and varieties of rice are provided to meet the target. We provide field services for the farmers to plant rain-fed rice on time," said Daw Khin Win, head of Department of Agriculture for Kyaukmyaung Sub-Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့များက လောင်မီးလက်နက်တပ် Dragon Drones အသုံးပြုတိုက်ခိုက်လာ



ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့များသည် ရန်သူ့တပ်နေရာများကို အပူဒဏ်ဖြင့် တိုက်ခိုက်ချေမှုန်းနိုင်မည့် လောင်မီးလက်နက်တပ် Dragon Drones ကို အသုံးပြု တိုက်ခိုက်လာခဲ့ကြပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် စစ်မြေပြင်၌ လောင်မီး၊ မီးကျည် (Incendiary) လက်နက်များ အသုံးပြုတိုက်ခိုက်မှုတွင် သိသာထင်ရှားသောပြောင်းလဲတိုးတက်မှုတစ်ရပ်ဖြစ်ပြီး ၎င်းလက်နက်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဂယက်ရိုက်ခတ်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများတိုးပွားလာစေခဲ့သည်။

အစပိုင်းတွင် ယူကရိန်းတပ်ဖွဲ့များသည် ခန့်မှန်းခြေအားဖြင့် ၂၂၀၀ ဒီဂရီ စင်တီဂရိတ်တွင် လောင်ကျွမ်းနေသော အလူမီနီယမ်အမှုန့်နှင့် သံအောက်ဆိုက် အရောအနှောလောင်မီးလက်နက်(Thermite)ကို စတင်အသုံးပြုခဲ့ကြသည်။ အဆိုပါဒရုန်းများသည် ကိုယ်ထည်ပေါ်ရှိ FPV ကင်မရာများမှတစ်ဆင့် ရန်သူ့တပ်ဖွဲ့များက ဖုံးလွှမ်းကာကွယ်ထားသော အမိုးအကာများကိုဖျက်ဆီးပစ်ကာ စစ်လက်နက်ပစ္စည်းများကို မီးလောင်ဖျက်ဆီးရာတွင် ထိရောက်မှုရှိသည်ဟု သက်သေပြနိုင်ခဲ့ကြောင်း သိရသည်။

ဤဒရုန်းများဖြင့် ပစ်လွှတ်တိုက်ခိုက်လိုက်သောလောင်မီးလက်နက်၏ အပူချိန်မြင့်မားလွန်းသည့်အတွက် သတ္တုအပါအဝင် အမျိုးမျိုးသောစက်ပစ္စည်းများကို လောင်ကျွမ်းရာတွင် ထိရောက်မှုရှိပြီး ရေဖြင့် မငြိမ်းသတ်နိုင်သောကြောင့် တစ်ဖက်က တန်ပြန်ငြိမ်းသတ်ရန် ခက်ခဲစေသည်။ လက်နက်တွင် သတ္တုအရောနှောပေါင်းစပ်ပါဝင်မှု သေးငယ်သောပမာဏပင်ဖြစ်လင့်ကစား သံချပ်ကာအထူ လေးမီလီမီတာကို စက္ကန့်အနည်းငယ်အတွင်း စိမ့်ဝင်လောင်ကျွမ်းနိုင်ပြီး ထိုသို့လောင်ကျွမ်းဖျက်ဆီးရန် အမေရိကန် ၁၀ ဒေါ်လာခန့်သာကုန်ကျမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာသော လောင်မီးလက်နက်ဖြင့် ထိထိရောက်ရောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခြင်းပင်ဖြစ်သည်။

တုံ့ပြန်မှုအနေဖြင့် ရုရှားတပ်ဖွဲ့များသည် ကိုယ်ပိုင်ဗားရှင်း Dragon Drones ကို တီထွင်ထုတ်လုပ်ခဲ့ကြသည်။ မကြာသေးမီက ဗီဒီယိုဖိုင်များတွင် ရုရှားတပ်ဖွဲ့ဝင်များသည် FPV ဒရုန်းများပေါ်၌ လောင်မီးလက်နက်(Thermite Canisters)သေတ္တာပုံးများတပ်ဆင်၍ ယူကရိန်းတပ် တည်နေရာများပေါ်သို့ ပစ်လွှတ်တိုက်ခိုက်သည်ကို ပြသထားသည်။ ကနဦးဗီဒီယိုဖိုင်များအရ ရုရှားတပ်ဖွဲ့၏ ဒရုန်းများသည် သက်ရောက်မှုနည်းပြီး အဓိကအားဖြင့် မီးပွားများကို ထုတ်လွှတ်တိုက်ခိုက်နေသည်ကို တွေ့မြင်ရသော်လည်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသော စစ်မြေပြင်နည်းပညာအသစ်များနှင့် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်မှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့များသည် စစ်မြေပြင်တွင် အသာစီးရစေရန် လက်နက်ကိရိယာအသစ်များနှင့် တန်ပြန်မှုများကို လျင်မြန်စွာတီထွင်ဖန်တီးလျက်ရှိသည်။ နှစ်ဖက်စလုံးက Dragon Drones ကို အသုံးပြု တိုက်ပွဲဝင်လာခြင်းသည် ခေတ်သစ် ပဋိပက္ခများတွင် နည်းပညာဆိုင်ရာ လိုက်လျောညီထွေမှုအရှိန်အဟုန်ကို သရုပ်ဖော်လျက်ရှိသည်။ ထိုသို့သော နည်းပညာများ တိုးပွားလာခြင်းသည် လက်ရှိပဋိပက္ခထက် သက်ရောက်မှုများ ပိုရှိနိုင်သည်ဟု စစ်ရေးလေ့လာသူများက သုံးသပ်ထားသည်။

**Ukrainian and Russian Forces Use Dragon Drones in Escalation of Thermite Warfare ကို ဘာသာပြန်ဆိုထားပါသည်။**

## DRDO နှင့် အိန္ဒိယရေတပ်တို့ တာတိုပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ကို စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့



အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO) နှင့် အိန္ဒိယရေတပ်တို့သည် ဒေါင်လိုက်ပစ်လွှတ်နိုင်သောတာတိုပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(VLSRSAM) စနစ်ကို Odisha ကမ်းလွန်တွင် စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံအစိုးရက စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဒုတိယအကြိမ်မြောက် ဒုံးကျည်စမ်းသပ်မှုကို Chandipur ပြည်နယ်ရှိ ပေါင်းစည်းစမ်းသပ်ရေးကွင်း(ITR)တွင် စက်တင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ပြီး ပင်လယ်ပြင်မှ ခြိမ်းခြောက်မှုပုံစံမျိုးဖြင့် အလျင်အမြန်ရွေ့လျားနေသော လေကြောင်းပစ်မှတ်ကို ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည့် ဒုံးကျည်၏စွမ်းဆောင်ရည်ကို သရုပ်ပြသနိုင်ခဲ့သည်။ အဆိုပါဒုံးကျည်သည် အနိမ့်ပျံပစ်မှတ်ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည့် စမ်းသပ်မှုတစ်ရပ်ကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီးနောက် ပင်လယ်ပြင်ပေါ်မှ ပျံသန်းဝင်ရောက်လာသည့် အလျင်နှုန်းမြင့်မားသော ဝေဟင်ပစ်မှတ်ကို ယခုလိုနောက်ထပ်တစ်ကြိမ် အောင်မြင်စွာစမ်းသပ်ပြနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

VLSRSAM ဒုံးကျည်၏ ဝိသေသလက္ခဏာများထဲမှ တစ်ခုမှာဒေါင်လိုက်ပစ်လွှတ်နိုင်စွမ်းဖြစ်သည်။ ဒေါင်လိုက်ပစ်လွှတ်နိုင်ခြင်းသည် ဒုံးကျည်အတွက် ဒုံးပစ်လောင်ချာဖြင့် လိုက်လံချိန်ရွယ်ရန် မလိုအပ်ဘဲ လားရာမျိုးစုံမှလာသည့် ပစ်မှတ်များကို ဒီဂရီ ၃၆၀ ပတ်လည် တိုက်ခိုက်နိုင်စွမ်း ရှိစေမည်ဖြစ်သည်။ ဒေါင်လိုက်ပစ်လွှတ်ခြင်း နည်းလမ်းသည် ရေတပ်သင်္ဘောများပေါ်တွင် အဖိုးတန်ကုန်းပတ်နေရာလွှတ်ကိုလည်း အခြားရေတပ်အသုံးချမှုများအတွက် အသုံးပြုနိုင်စေမည်ဖြစ်ပြီး ထပ်ဆောင်းအပိုဒုံးကျည်များ သို့မဟုတ် အခြားမရှိမဖြစ်လိုအပ်သော ပစ္စည်းကိရိယာများကို တင်ဆောင်တိုက်ပွဲဝင်နိုင်ရန် နေရာပိုမိုရရှိစေမည်ဖြစ်သည်။

ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၄၀ ထိ ခြိမ်းခြောက်မှုများကိုထိထိရောက်ရောက် ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိကာ တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးအတွက် အကောင်းမွန်ဆုံး အကွာအဝေးစွမ်းရည်ကို ပိုင်ဆိုင်ထားသည်။ VLSRSAM ဒုံးကျည်သည် အဆင့်မြင့် လမ်းညွှန်ထိန်းကျောင်းမှုစနစ် အသုံးပြုထားပြီး ပစ်မှတ်ကိုအဆုံးသတ်တိုက်ခိုက်ချေမှုန်းသည့် Terminal ပျံသန်းမှုအဆင့်အတွင်း ပစ်မှတ်ကိုတိကျစွာခြေရာခံထိန်းကျောင်းနိုင်ရန်အတွက် Active Radar Homing အာရုံခံစနစ်ကို အသုံးပြုထားသည်။ ပျံသန်းမှုအလယ်လောက်တွင် Inertial Navigation လမ်းညွှန်ထိန်းကျောင်းမှုစနစ်ကို အသုံးပြုထားသည်။

မဟာဗျူဟာအရ VLSRSAM ဒုံးကျည်သည် အိန္ဒိယရေတပ်၏ တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးအတွက် အရေးကြီးသော ကွာဟချက်ဖြစ်ပေါ်နေမှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကာ လက်နက်စနစ်အဟောင်းများနေရာတွင် ပိုမိုခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့်စနစ်များဖြင့် အစားထိုးအသုံးပြုလာနိုင်စေမည်ဖြစ်သည်။ ပြည်တွင်းထုတ်လက်နက်စနစ်များ ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရ၏ Make in India ပဏာမခြေလှမ်းနှင့်အညီ နိုင်ငံခြားနည်းပညာနှင့်လက်နက်တင်သွင်းမှုအပေါ် မှီခိုအားထားမှုကို လျှော့ချပေးနိုင်သည်။ ဒုံးကျည်၏အဆင့်မြင့်အင်္ဂါရပ်များနှင့် ကုန်ကျစရိတ်သက်သာမှုနှင့်အတူ VLSRSAM ဒုံးကျည်သည် ရေတပ်၏လေကြောင်းရန်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေသည့် အခြားနိုင်ငံများက စိတ်ဝင်စားမှုကိုဆွဲဆောင်နိုင်သည့် အလားအလာရှိသည်။ နည်းပညာအရ ဒုံးကျည်သည် အလျား လေးမီတာ၊ အချင်း သုညဒသမ ၂ မီတာခန့်ရှိပြီးအလေးချိန် ၁၅၄ ကီလိုဂရမ်ရှိကြောင်း သိရသည်။

**DRDO and Indian Navy successfully conduct back-to-back tests of VLSRSAM missile system ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟသ်ာတမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတပဲဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်က ပြောပြသည်။

ဟသ်ာတမြို့ပဲဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် ပြည်တွင်းစားသုံးဆီဖူလုံစေရန် မြေပဲဆီကြိတ်ခွဲ ထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှုအားကောင်းလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဟသ်ာတမြို့နယ် ပဲဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ မြေပဲဆန်တွေက လက်ကျန်မြေပဲဆန် အဟောင်းတွေပါ။ မြေပဲဆီတွေ ထုတ်လုပ်မှုများလာတာကြောင့် မြေပဲဆန်တွေ အရောင်းအဝယ် ကောင်းမွန်လာတာဖြစ်ပါတယ်။ နိုဝင်ဘာလဆန်းလောက်မှာ မြေပဲအသစ်တွေ ထွက်ရှိလာမှာဖြစ်ပါတယ်။ အခုလို မြေပဲဆန်တွေ အဝယ်လိုက်နေတော့တောင်သူတွေ အဆင်ပြေနေပါတယ်။ လုပ်သားတွေနဲ့ကုန်သည်တွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်" ဟု ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်က ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီထုတ်လုပ်ကာ မြေပဲဆီမှာယူသည့် ဒေသများကို ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မြေပဲဆန် တစ်ပိဿာလျှင်ငွေကျပ် ၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၆၈၀ စိုက်ပျိုးမည်

**ဘုတလင် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၅၆၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နှမ်းဧက ၁၅၆၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်" ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်း ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် အိုင်ဇောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နတ်မောက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အိုင်ဇောက်ကျေးရွာ၌ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့်တာဝန်ရှိသူများက ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်သွားကြရန်၊ ကော်မတီဝင်များနှင့် ကျေးရွာသူ၊ကျေးရွာသားများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၉ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၉ သန်းဖြင့် အိုင်ဇောက်ကျေးရွာ၌ လမ်းအရှည် ပေ ၇၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ပြောပြ၍ သိရသည်။

**သူသူ(နတ်မောက်)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၉-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်




**ရန်ကုန် စက်တင်ဘာ ၁၉**

နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ PAN PACIFIC HOTEL ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimireနှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့်နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး နီပေါနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့က နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူး၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

**တောင်ငူ စက်တင်ဘာ ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့်ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုးသင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကိုမှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူကိုသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၇၈ ဦးအတွက် ဆန်၊ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်းပဓာနနာယက ဆရာတော်အားဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား



ချက်ပြုတ်ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-မန္တလေးလမ်းဟောင်း ရေတာရှည်-တောင်ငူလမ်းပိုင်း မိုင်(၁၆၂/၇) တောင်ငူမြို့အဝင်ထိ ကားလမ်းရေကျော်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံခဲ့မှု၊ ထောက်ပံ့မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊တောင်ငူခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်းအရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သော်လည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် အလှူရှင်များက လာရောက်လှူဒါန်းမှုအပေါ်ကြိုဆိုသော်လည်း အစာအဆိပ်သင့်ခြင်းဆိုင်ရာနှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာမဖြစ်ပွားစေရေးသက်ဆိုင်ရာ ယာယီရေဘေးရှောင်စခန်းတာဝန်ခံဌာနဆိုင်ရာများက ပေါင်းစပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားခဲ့သည့်ကျောင်းများ၊ ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်သကဲ့သို့ ရေဝင်ရောက်၍ပိတ်ထားရသည့် ဌာနဆိုင်ရာရုံးများရုံးလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအခြားရုံးများတွင် တွဲဖက်ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် သဘာဝဘေးဖြစ်ပွားမှုနှင့်ပတ်သက်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ ဧရာဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးစိုင်းမွန်(မုန်းဝင်းမြန်မာ)မိသားစုကလှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ပဲခူးနှင့်သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များကလှူဒါန်းသည့် အလှူငွေကျပ် သိန်း ၇၀ ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူမြို့ (၁၀)ရပ်ကွက် အုတ်ကျွတ်(၁) မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့်အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တောင်ငူမြို့ အမှတ်(၁) ရပ်ကွက် ရွှေဂူကြီးဘုရား၌ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၇၂ ဦးအတွက် စောင်၊ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက် ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ် ကလောမြို့ရှိ ရေဘေးသင့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ကလောမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အတွင်း မိုးရေချိန် ၁၂ လက်မခန့်ရွာသွန်းကာ ကလောချောင်းရေမြင့်တက်မှုကြောင့် ရေဘေးသင့်နေရာများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရေဝင်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ကျောင်းအတွင်းအပျက်အစီးများ ရှင်းလင်းဖယ်ရှား၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားသည့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်အားဖူးမြော်ကြည်ညို၍ သင်္ကန်းပရိက္ခရာ၊ စားသောက်ဖွယ်ရာနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ရေဘေးသင့်သူများအား စောင့်ရှောက်ထားရှိမှုအခြေအနေကို မေးမြန်းလျှောက်ထားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်းတွင် စားသောက်နေထိုင်မှုအခြေအနေ၊ သောက်သုံးရေရရှိစေရန်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပျက်အစီးနှင့်ရွှံ့ညွန်များရှင်းလင်းဖယ်ရှားပြီး မိမိနေအိမ်များသို့ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကျောင်းနေအရွယ်ကလေးများ အမြန်ဆုံးကျောင်းပြန် တက်ရောက်နိုင်ရေး မိဘပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ခရီးစဉ်၌ ကလောမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၁၂ ခုမှ အိမ်ထောင်စု ၁၄၅ စု၊ ရေဘေးသင့်ပြည်သူ ၅၃၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောချောင်း ရေစီးရေလာအားနည်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ကလောချောင်းအတွင်းသို့ ချောင်းဘေးဝဲယာတွင်နေထိုင်သူများက ရေနည်းချိန်၌ မြေဖို့ကျူးကျော်ခြင်းကြောင့် ချောင်းအလွန်ကျဉ်းမြောင်းသွားခဲ့မှု၊ ချောင်းအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့် ချောင်းတိမ်ကောလာမှု၊ တံတားများကို ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ စိတ်ကြိုက်ပုံစံဖြင့် ဆောက်လုပ်ထားမှုများကြောင့် တောင်ကျရေစီးချိန်၌ ရေစီးနှောင့်နှေးခဲ့မှု၊ နောင်နှစ်များတွင် အလားတူမဖြစ်စေရေး မူလချောင်းနယ်နိမိတ်အတိုင်းဖြစ်စေရေး ဆောင်ရွက်မည့်လျာထားအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုမှာကြားသည်။

ရေဘေးသင့် ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း မိသားစုက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှေ့ တပေါင်းကွင်းရှိ ရေဘေးသင့်ပြည်သူများကို နေ့လယ်စာထမင်းဘူး ၃၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို(၂၀-၅-၂၀၂၁)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၁ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စာဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့်ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး၊ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို “လှပသာယာပြည်မြန်မာ”ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊နေရာဒေသနှင့်လူပုဂ္ဂိုလ်များစသည်တို့ကိုဖော်ညွှန်း ရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့်ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆိုအသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ် အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကိုတစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်း၊ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံ များ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၀ ရက်သာ လိုတော့သည်

# ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ကျောင်းများရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာစံပရိယတ္တိစာသင်တိုက် ရတနာဘိမတဓမ္မဗိမာန်တော်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် စည်ပင်သာယာရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရတနာစံပရိယတ္တိစာသင်တိုက်၊ စည်ပင်သာယာရွာဦးကျောင်း၊ ဓမ္မပါလကျောင်း၊ သာစည်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း(ကျောက်ချပ်ရွာ)နှင့် မဟာသေဠနာဒမင်းကျောင်း၊ ရွှေသာလွန်းဘုရားကြီးကျောင်း၊ ရွာသစ်ကျောင်း၊ ရှမ်းကျောင်း၊ ကျွန်းရောင်းရွာဦးကျောင်း၊ ဣန္ဒာကာရာမလေသာကျောင်း၊ သီရိရတနာဒုန်တောဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မိုးကောင်းတောရကျောင်း၊ မြကန်သာကျောင်း၊ အောင်သပြေကျောင်း၊ စိမ်းစားပင်ကျောင်း၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ ထိန်ပင်ကျောင်း၊ စည်ပင်ကြီးကျောင်း၊ သာယာကုန်းကျောင်း၊ သာယာစုကျောင်း၊ မိုဃ်းကောင်းကျောင်း၊ ကြို့ပင်ဆိပ်ကျောင်း၊ သီရိမင်္ဂလာကျောင်း၊ မွန်းတည့်ခွင်ကျောင်း၊ ရွာသစ်ကြီးစာသင်တိုက်၊ သာယာဝှမ်းကျောင်း၊ ပညာအလင်းရောင်ကျောင်း၊ ကျည်တောင်ရွာဦးကျောင်း၊ ညောင်ပင်ကြီးကျောင်း၊ ဥတ္တမာရုံကျောင်း၊ ရွှေပေးကျောင်း၊ ကြို့ပင်ကျောင်း၊ ပညာ့ဗိမာန်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း (သာယာကုန်းကျေးရွာ)၊ သာသနာ့ဇောတိကကျောင်း၊ ရွှေသင်းဖြူး၊ ရွှေကံ့ကော်ကျောင်း၊ ချောင်းကမ်းကြီးကျောင်းနှင့် ဓမ္မသုခလယ်ပြင်ဦးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် ဇေယျမဏ္ဍိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ရေဘေးကိုတားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိမထေရ်မြတ်၏ ဂဝမ္ပတိတွေ့ရဂါထာတော်ကို နာယူကြည်ညို၍ စည်ပင်သာယာရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓသာသနာပြုဓမ္မရိပ်သာ မဟာဗောဓိမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ဂဝမ္ပတိတွေ့ရဂါထာတော် စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မဟာဗောဓိမြိုင်တရားရိပ်သာတွင် ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ အောင်သာရွာ၊ သာစည်ရွာ၊ ရွှေတွင်းကုန်းရွာနှင့် အေးမြင့်သာယာရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရှိခဏကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခာစာရအား ဖူးမြော်ကြည်ညို၍ ဂဝမ္ပတိတွေ့ရဂါထာတော် စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မရှိခဏကျောင်း၌ ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ သူရဲသမိန်ရွာနှင့် ဇီးကုန်းရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်း စုစုပေါင်း ၃၉ ကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၇၈ သိန်းနှင့် ရေဘေးသင့်ဒေသခံများအား ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ လှူဒါန်းသည်။ ထို့ပြင် စက်တင်ဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၉ ရက်တို့တွင် ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၉၄ ကျောင်းတို့အား ဝတ္ထုငွေ ၁၈၈ သိန်းနှင့် သင်္ကန်း ၅၆၄ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၄၈၆ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ရှေ့ဖုံးမှအဆက်

(a) to obtain and hold adequate, accurate and current information on the identity of author of the trust, the trustee(s), the beneficiaries and any other natural person exercising ultimate effective control over the trust;

(b) to hold basic information on other regulated agents of and service providers to, the trust, including investment advisors or managers, accountants, and tax advisors;

(c) to keep all information accurately and up to date on a timely basis;

(d) to disclose the trustee's status to Financial Institutions and Designated Non-Financial Businesses or Professions (Fis/ DNFBPs) and report to the relevant competent authorities when forming a business relationship or carrying out an occasional transaction above the threshold;

(e) to provide any information relating to the trust to competent authority and upon request by Financial Institutions and Designated Non-Financial Businesses or Professions (Fis/DNFBPs), any information on beneficiary and assets of the trust to be held or managed under the terms of the business relationship to Financial Institutions and Designated Non-Financial Businesses or Professions (FIs/DNFBPs) under the existing laws;

(2) A trustee is bound to keep above all information at least five years after their involvement with the discharge of trustee.

(3) A trustee shall comply with The Anti-Money Laundering Law and The Counter Terrorism Law.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



ရေဘေးသင့်ပြည်သူများအတွက်မှ

အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း ညွှန်ကြားရေးမှူး ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ




စေတနာရှင်၊ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ဆန်အိတ်များပေးအပ်လှူဒါန်းစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လွိုင်ကော်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ ကြက်ဥနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေကျဆင်းသွားသဖြင့် တင်ကျန်နေသောနုန်းများနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က လယ်ဝေးမြို့နယ်ရှိ ကျေးရွာများ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**❒ ပေးအပ်လှူဒါန်းမှုအဆက်**

ရေများ ပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင်လည်းကောင်း ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

၎င်းအပြင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်အလှူရှင်များကလည်း ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စေတနာရှင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၀၉၃၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လယ်ဝေးမြို့နယ် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၃ မြို့နယ်တွင် ယနေ့နံနက် ၇ နာရီထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၄၇၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၆၈၇၀၄ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၉၃ ဦးသေဆုံး၊ ၈၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၇၀၁၉ စု၊ လူဦးရေ ၁၆၁၅၉၂ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ရုံး၊ ဌာနအဆောက်အအုံ ၁၁၃ လုံး၊ စာသင်ကျောင်း ၉၁၉ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၃၃၁ လုံး၊ လမ်း၊ တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းအကောင် ၁၂၉၁၅၀ သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၇၆၆၅၈၆ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အေးစေတီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ထန်းပင်ချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မြတ်ရတနာကျောင်းတိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၁။ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝါးတီးကျေးလက်ကျန်းမာရေးဌာနအပိုင် ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်တွင် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်း၌ အလှူရှင်များက လာရောက်လှူဒါန်းသော ကြာဆံကြော်၊ အချဉ်နှင့်ထမင်း၊ ကြက်ဥမန်ကျည်းမှည့်ချက်များကို ကျေးရွာနေပြည်သူများက စားသုံးပြီးနောက် ည ၈ နာရီတွင် ဗိုက်နာခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းစသည့် အစာအဆိပ်သင့်ရောဂါလက္ခဏာများဖြစ်ပွား၍ ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့သို့ ပြင်ပလူနာအဖြစ် ၆၈ဦး၊ အတွင်းလူနာအဖြစ် ၆၅ ဦး လာရောက်ကုသမှုခံယူခဲ့ပြီး ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့မှ အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့ရာ လူနာများအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။

၂။ သတင်းရရှိလျှင်ရရှိခြင်း စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်သို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းအဖွဲ့နှင့် ညောင်လေးပင်မြို့နယ်မှ ဆရာဝန်ဦးဆောင်သောဆေးအဖွဲ့တို့က ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

၃။ ဆေးရုံတက်လူနာများအနက် အတွင်းလူနာ ၄၁ ဦးသည် ရောဂါသက်သာကောင်းမွန်သဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီးဖြစ်ပါသည်။

၄။ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား အစားအသောက်များလှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေးပြင်ဆင်ထားသည့် သန့်ရှင်းသောအစားအသောက်များကို မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသောအစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြရန် ကျန်းမာရေးဌာနက တိုက်တွန်းနှိုးဆော်ထားပါသည်။ (ဗဟ)

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် မှတ်တမ်းဓာတ်ပုံများ (၁၉-၉-၂၀၂၄)ရက်



ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့သို့ လူနာများ ရောက်ရှိလာပုံ



ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့တွင် လူနာများ ဆေးကုသမှုခံယူပုံ



ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးမှ ကွင်းဆင်းကြည့်ရှုပုံ



ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာ စာသင်တိုက်သို့ ကွင်းဆင်းကြည့်ရှုပုံ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လှူဒါန်းသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) ၂ ဒသမ ၄၅ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ဆောင်ရွက်ရေးနှင့်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅ သန်း တန်ဖိုးရှိ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine-OCV) ၂ ဒသမ ၄၅ သန်း doses သည် စက်တင်ဘာ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် လေယာဉ်အမှတ် WW211 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။



ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဗဟိုကာကွယ်ဆေးအအေးခန်း(ရန်ကုန်)သို့ အအေးလမ်းကြောင်းမပြတ်ပို့ဆောင်ခဲ့သည်။

အဆိုပါကာကွယ်ဆေးများကိုပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာကျောင်းများ၊ ဘာသာရေးကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ဘိုးဘွားရိပ်သာများ၊ ကယ်ဆယ်ရေးစခန်းများ၊ ဈေးများ၊ အစားအသောက်ဆိုင်တန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အကျဉ်းထောင်များ၊ လူနေထူထပ်ပြီး သန့်ရှင်းသော သောက်သုံးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းသောနေရာများတွင် တုံ့ပြန်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများအလိုက် ဦးစားပေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြင့်နိုင်ဦးအား နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးမည့်ရက် ပြောင်းလဲခြင်း

၂၀၂၅ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပစစ်ဆေးရန် ကြေညာထားရှိသော်လည်း ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်အားဖြည့်ပါဝင်ဆောင်ရွက်လျက်ရှိပါသဖြင့် ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့သို့ ပြောင်းလဲ ကျင်းပစစ်ဆေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

❖ **ရန်ကုန်-မန္တလေးရထားလမ်းမှအဆက်**

ပျက်စီးခဲ့မှုများကြောင့် ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မှစ၍ တပ်ကုန်းနှင့်သာစည်အကြားရေတိုက်စားခံခဲ့ရသည့်နေရာအချို့ကို ပြုပြင်ပြီးနောက် တစ်လမ်းမောင်းစနစ်ကို အသုံးပြုနိုင်ပြီဖြစ်သဖြင့် သာစည်ဘူတာတွင် ယာယီရပ်တန့်ထားရသော အစုန်ကုန်ရထားတွဲဆိုင်း လေးဆိုင်းနှင့် ညောင်ရမ်းဘူတာ၌ ရပ်တန့်ထားရသည့် အမှတ်(၂)အစုန် စာပို့ရထားတို့ကို ရန်ကုန်ဘက်သို့ ဆက်လက်စေလွှတ်ပေးနိုင်ပြီဖြစ်သည်။ ထို့အတူ ပျော်ဘွယ်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ရေနီဘူတာတို့၌ ရပ်တန့်ထားသောအဆန်ကုန်ရထား လေးစီးတို့ကို သာစည်ဘူတာသို့ ရွှေ့ပြောင်းပို့ဆောင်ထားပြီးဖြစ်သည်။

မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်းဘူတာသို့ ရောက်ရှိပြီး သပြေတောင်းဘူတာနှင့်စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများပျက်စီးမှု ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍



သပြေတောင်းနှင့် စမုံဘူတာအကြား တံတားအမှတ်(၆၉၁)အား ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဘေလီသံပေါင်များကို အမြန်ဆုံးပို့ဆောင်ရေး၊ တံတားနေရာသို့ ရောက်ရှိပြီးဖြစ်သည့် မြေထိုးစက်ယန္တရားများကို ပျက်စီးသွားသည့် ရထားလမ်းမြေသားတာပေါင် မြေဖို့ပြုပြင်တွင် ထိရောက်စွာ အသုံးပြုရေးမှာကြားခြင်း၊ ကျောက်ရထားပေါ်မှ ၆ x ၉ လက်မကျောက်ကြီးများ ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေ၊ တံတားအမှတ်(၆၉၅)၊ (၆၉၄)၊ (၆၉၃)တို့တွင် တံတားချဉ်းကပ်လမ်းများရေတိုက်စားသွားသဖြင့် သံလမ်းများခေတ္တဖြုတ်သိမ်းပြီး ရထားလမ်းတာပေါင်များပြန်လည် ဆောင်ရွက်မည့်အခြေအနေ၊ ရေတိုက်စားမျောပါသွားသည့် လမ်းခင်းကျောက်များပြန်လည်ဆယ်တင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အတူပျက်စီးနေသည့် ရထားလမ်းနှင့်တံတားပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းနေရာများ၌ Steel Girder ထည့်သွင်းခြင်း၊ သံလမ်းဖြုတ်သိမ်းခြင်း၊ သံအိတ်စီထပ်ခြင်း၊ ၆ x ၉ လက်မကျောက်ကြီးများထည့်သွင်းခြင်း၊ တာပေါင်မြေဖို့ခြင်း၊ သံလမ်းပြန်လည်ခင်းခြင်း၊ သစ်သားဖားထပ်ခွေခြင်း၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုစစ်ဆေးကာ တံတားအမှတ်(၆၉၁)နေရာ၌ ဆက်လက်ဆောင်ရွက်မည့်တံတားဘေလီသံပေါင် ထည့်သွင်းခြင်းလုပ်ငန်းအခြေအနေများကို အသေးစိတ်မှာကြား၍ စမုံနှင့်သပြေတောင်းအဆန်လမ်းပိုင်းအား စက်တင်ဘာလမကုန်မီအမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာစည်မှ ဘုရားငါးဆူထိ သွားရောက်ခဲ့ပြီး ရေတိုက်စား၍ ပျက်စီးလျက်ရှိသော သာစည်နှင့်လှိုင်းတက်ကြား၊ လှိုင်းတက်နှင့်ဘုရားငါးဆူအကြားရှိ ရထားလမ်းတာပေါင်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လုပ်ငန်းများအား အမြန်ဆုံး စတင်ပြုပြင်ဆောင်ရွက်နိုင်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့်တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ မန္တလေးထိ လူစီးရထားများ၊ ကုန်ရထားများဆောလျင်စွာပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းအားအမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ **ကျောဖုံးမှအဆက်**

ဗီယက်နမ်နိုင်ငံကမ်းခြေကို ဒါနန်းမြို့၏ မြောက်ဘက်မှ ဖြတ်ကျော်လျက်ရှိသည်။

စက်တင်ဘာ ၂၀ ရက်တွင် အကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလိုင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်နိုင်သည်။

အဆိုပါလေပွေလိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ကြီးတံခွန် ရွာသစ်ကလေးကျေးရွာတွင် တပ်မတော်က တပ်သားသစ်စုဆောင်းမှုအဖြစ် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွာသစ်ကလေးကျေးရွာမှ အမျိုးသားဦးရေ ၂၀ ကျော်ကိုစက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီတွင် တပ်မတော်နှင့် ကျေးရွာအုပ်ချုပ်ရေး ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံပျက်သုဉ်းလိုသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို လက်မခံနိုင်သော မျိုးချစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းထမ်းဆောင်လိုသည့်အတွက် တပ်မတော်ထဲသို့လာရောက်ဝင်ရောက်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ရန်အတွက်လည်း မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများလည်းရှိကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅)ထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း အဆိုပါမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရန်အတွက် နိုင်ငံပိုင်မီဒီယာများက စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိကာ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များသို့လည်း စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဝါဒဖြန့် ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Koaung Koaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာနေ အောင်လွင်ဦးအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “မီးအိမ်ရှင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေဝကျေးရွာနေ မြမြနှင်းအား ည ၇ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**ခရီးသွားဆောင်းပါး**

# တောင်ကြီးမြို့နှင့်ထမ်ဆမ်းဂူမှတစ်ဆင့် မိုင်းပွန်ဆီသို့

သက်နိုင်(ပြင်ဦးလွင်)

တာချီလိတ်မြို့ထိ သွားရောက်ကြရမဲ့ခရီးစဉ်က အောင်ပန်းမြို့မှာ တစ်ထောက်နား ညစာစားသောက်အပြီး တောင်ကြီးမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြပါပြီ။ အချိန်က နေဝင်အပြီး မှောင်ရီပျိုးနေပြီဖြစ်တာကြောင့် ကားမီးကိုဖွင့် မောင်းလာခဲ့ရတယ်။ ဒ့ါပြင် အောင်ပန်း-တောင်ကြီးလမ်းပိုင်းမှာ ယာဉ်အသွားအလာများပြားပြီး အတက်အဆင်းအကွေ့အကောက်တွေရှိနေတာကြောင့်သတိထားမောင်းနှင်နေရတယ်။ အောင်ပန်းမြို့ကနေ စတင်ထွက်ခွာလာစဉ်မှာ လွန်ခဲ့တဲ့ခရီးစဉ်တစ်ခုတုန်းက အဖြစ်အပျက်လေးတစ်ခုကို သတိရမိသွားပြီး ကားမောင်းနေရင်းနဲ့ ပြုံးမိလိုက်ရသေးတယ်။ အဲဒီတုန်းက ရွှေညောင်-အောင်ပန်းလမ်းကနေ ကလောမြို့ကို သွားရောက်ရမှာပါ။ ကလောမြို့ကိုသွားဖို့အတွက် အောင်ပန်းရောက်တာနဲ့ ညာဘက် ကိုချိုးမောင်းနှင်ရမှာဖြစ်ပေမဲ့ ဘယ်ဘက်ကိုချိုးမောင်းနှင်လာခဲ့မိတာ ဘဝသံသရာရထားလမ်းကိုရောက်တော့မှ လမ်းမှားမောင်းလာခဲ့မိပြီဆိုတာ သိလိုက်ရတော့တယ်။

တစ်ခါတုန်းက မိမိနဲ့ သူငယ်ချင်းတွေ လမ်းမှားမောင်းနှင်မိခဲ့တယ်။ အဲဒီတုန်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကလဲ စတင်ဖွင့်လှစ်ခါစပါ။ သူငယ်ချင်းတွေ ရန်ကုန်သွားကြဖို့အတွက် ပြင်ဦးလွင်မြို့ကနေ ညနေပိုင်းမှာ ထွက်ခွာလာခဲ့ကြတယ်။ လမ်းခရီးတစ်ထောက် မိတ္ထီလာယာဉ်ရပ်နားစခန်းကိုရောက်တော့မှောင်နေပါပြီ။ မိတ္ထီလာမှာ သူငယ်ချင်းတွေ စားကြသောက်ကြပြီး ကားကိုဆက်လက်မောင်းနှင်လာခဲ့ကြတာ တံတားဦးစကားအင်းဂိတ်ကို ပြန်လည်ရောက်ရှိလာကြတော့တယ်။ မိတ္ထီလာကနေအထွက်မှာ ရန်ကုန်ဘက်ကိုမထွက်မိဘဲ မန္တလေးဘက်ကို ထွက်မိခဲ့တာကြောင့်ဖြစ်ပါတယ်။ အခုတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာ ရန်ကုန်သို့၊ မန္တလေးသို့ဆိုပြီး လမ်းညွှန်ဆိုင်းဘုတ်တွေပြသထားတာကြောင့် မှားစရာမရှိတော့ပါဘူး။

အောင်ပန်းကနေထွက်လာခဲ့ပြီး ဟဲဟိုးကို ၁၆ မိုင်၊ ဟဲဟိုးကနေ ရွှေညောင်ကို ၁၀ မိုင်၊ ရွှေညောင်ကနေ အေးသာယာမြို့သစ်ကိုဖြတ်ပြီး တောင်ကြီးရောက်တဲ့ထိ ၁၂ မိုင်ခရီးကို ညမှောင်မှောင်မှာမောင်းလာခဲ့ရသလို တောင်ကြီးမြို့ကိုရောက်တော့လဲ ၈ နာရီကျော် ၉ နာရီထိုးခါနီးနေပါပြီ။ ကားပေါ်မှာ အိပ်ပျော်ရင်းလိုက်ပါလာကြတဲ့ ကလေးတွေနဲ့အဘိုးက တာချီလိတ်ကိုမရောက်သေးဘူးလား၊ ဘယ်အချိန်ရောက်မှာလဲလို့မေးကြတယ်။ ပြင်ဦးလွင်နဲ့တာချီလိတ် ခရီးအလွန်ဝေးတာ၊ လမ်းခရီးမှာ နှစ်ညအိပ်ရပ်နားပြီးမှ ရောက်ရှိမှာဖြစ်တာတွေကို ကလေးတွေနဲ့ အဘိုးက မသိကြပါဘူး။

တောင်ကြီးမြို့ကိုရောက်တာနဲ့ ပြင်ဦးလွင်မြို့မှာကတည်းက ကြိုတင်အကြောင်းကြားထားပြီးဖြစ်တဲ့ တောင်ကြီး-မိုင်းဆတ်-တာချီလိတ် ခရီးသည်ပို့ဆောင်ရေးအမြန်ယာဉ်ငယ်လိုင်း စိန်မိုင်းဆတ်ဂိတ်ကို ဖုန်းနဲ့ထပ်မံချိတ်ဆက်ရတယ်။ သူတို့တွေက မြို့အဝင် စဝ်စံထွန်းဆေးရုံရှေ့မှာစောင့်နေပါ လာရောက်ကြိုပါ့မယ်ဆိုတာနဲ့ ဆေးရုံရှေ့မှာ ၁၀ မိနစ်လောက်စောင့်နေကြရတယ်။ ဂိတ်က တာဝန်ရှိသူတစ်ဦး ဆိုင်ကယ်လေးနဲ့ရောက်လာပြီး လမ်းပြခေါ်ဆောင်သွားတော့မှ စိန်မိုင်းဆတ်ဂိတ်ကိုရောက်သွားခဲ့ကြတယ်။ ကားဂိတ်ရဲ့စီစဉ်ထားမှုအရ မိမိရဲ့ကားကိုတစ်နေရာမှာ သွားရောက်ထားရှိရမှာဖြစ်ကြောင်း၊ တာချီလိတ်မြို့ကို ဂိတ်ကကားနှစ်စီးနဲ့ သွားကြရမှာဖြစ်ကြောင်း၊ တောင်ကြီးမြို့ကနေ မနက် ၄ နာရီ မိနစ် ၃၀ မှာ စတင်ထွက်ခွာမှာဖြစ်တာကြောင့် ၄ နာရီကတည်းက အဆင်သင့်ပြုလုပ်ထားကြရမှာဖြစ်ကြောင်း၊ အခုညကတည်းက မလိုအပ်တဲ့ပစ္စည်းတွေ၊ တင်သင့်တင်ထိုက်တဲ့ပစ္စည်းတွေကို မနက်ထွက်မဲ့ကားတွေပေါ်မှာ တင်ထားကြရမှာဖြစ်ကြောင်းနဲ့ မိမိတို့နားနေအိပ်စက်ကြဖို့အတွက် ကားဂိတ်အနီးမှာရှိတဲ့ ဟိုတယ်တစ်ခုမှာ စီစဉ်ထားပြီးဖြစ်ကြောင်း သိလိုက်ရတယ်။

ခရီးစဉ်အတွက် ကြိုတင်ချိတ်ဆက်အကြောင်းကြားထားတာကြောင့် အားလုံးနီးပါးလောက် အဆင်ပြေပါတယ်။ ဟိုတယ်က မိသားစုအခန်းနှစ်ခန်းစီစဉ်ပေးထားပြီး တစ်ခန်းကို ငါးသောင်းကျပ်နဲ့ နှစ်ခန်းပေါင်း တစ်သိန်းကျပ်ပေးချေရတယ်။ ဟိုတယ်ကိုရောက်ရှိပြီးခဏအကြာ တောင်ကြီး-တာချီလိတ်ခရီးစဉ်အတွက် ကားခဈေးနှုန်းတွေကို ဂိတ်ကတာဝန်ရှိသူတွေနဲ့ ပြောဆိုကြတဲ့အခါ မိမိတို့တွက်ဆထားတာထက် ကားခက များနေတယ်။




ဒါကြောင့် သေချာစဉ်းစားရတော့တယ်။ ဂိတ်ကကားနဲ့မသွားကြတော့ဘဲ ကိုယ့်ကားနဲ့ကိုယ်သွားရင်ကောင်းမလား၊ ဖြစ်နိုင်မလား၊ လမ်းတစ်လျှောက်စက်သုံးဆီတွေရနိုင်မလား၊ ကားက ကြံ့ခိုင်မှုရှိရဲ့ကား၊ တာချီလိတ်ထိ လမ်းကြောင်းအခြေအနေတွေက ဘယ်လိုရှိနိုင်မလဲ၊ ဘာတွေဖြစ်နိုင်သလဲ၊ အန္တရာယ်ကင်းပြီး အဆင်ပြေချောမွေ့နိုင်ပါ့မလား စသဖြင့် စဉ်းစားတွေးတောရတာ ခေါင်းခြောက်လာရတဲ့ထိပါ။ နောက်ဆုံးမှာတော့ အခုတောင် ဒီလောက်ထိ စိတ်ပင်ပန်းပြီးခေါင်းခြောက်နေရတာ ကိုယ့်ကားနဲ့ကိုယ်သွားရင် လမ်းမှာဘာတွေဖြစ်မယ်ဆိုတာကိုလဲမသိနိုင်သလို စိတ်ပင်ပန်းလူပင်ပန်းမှုတွေလဲ ပိုမိုများပြားနိုင်တယ်။ ဂိတ်ကကားနဲ့သွားရင် ငွေကုန်ကြေးကျများတာကလွဲပြီး ဘာမှမဖြစ်နိုင်၊ စိတ်ပင်ပန်းလူပင်ပန်းတာတွေလဲ သက်သာမယ်၊ ဖြစ်သမျှအကြောင်း ဂိတ်နဲ့သာသက်ဆိုင်တယ်။ သူတို့ကိစ္စသူတို့တာဝန်လို့တွေးတောမိပြီး ဂိတ်ကကားနဲ့သွားကြဖို့ ဆုံးဖြတ်လိုက်တော့တယ်။

နောက်တစ်နေ့ မနက်စောစောထကြပြီး သွားလာကြဖို့အတွက် စီစဉ်စရာရှိတာတွေစီစဉ်ပြီးတာနဲ့ အိပ်စက်အနားယူကြရတယ်။ ဒါပေမဲ့ ခရီးစဉ်အတိုင်း ရှေ့ဆက်သွားဖို့ စဉ်းစားလိုက်၊ တွေးတောလိုက်နဲ့ တစ်ညလုံးနီးပါးလိုလို အိပ်မပျော်ဘဲဖြစ်နေရတယ်။ ဒါနဲ့ မနက် ၂ နာရီကျော်၊ ၃ နာရီလောက်ရောက်တဲ့ အချိန်မှာ ဆက်မအိပ်တော့ဘဲ အိပ်ရာကနေထလိုက်ပြီး လုပ်စရာရှိတာတွေကိုလုပ်နေရင်းနဲ့ အချိန်ဖြုန်းနေလိုက်ရတယ်။ ဒ့ါပြင် ၃ နာရီ ခွဲတာနဲ့ နှိုးစရာရှိတဲ့သူတွေကိုနှိုးပြီး ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်နေကြရတယ်။ ၄ နာရီထိုးတာနဲ့ ပစ္စည်းတွေသယ်၊ ကလေးတွေနဲ့အဘိုးကိုခေါ်ပြီး ဂိတ်ကကားတွေလာရင် အဆင်သင့်ဖြစ်ရအောင် ဟိုတယ်အောက်ထပ်မှာ ဆင်းစောင့်နေလိုက်ကြတယ်။

ဟိုတယ်အောက်ထပ်မှာ ကားစောင့်နေရင်း မနက်စာ စားသောက်ကြဖို့အတွက် ဘာတွေရနိုင်မလဲဆိုပြီး အနီးအနားပတ်ဝန်းကျင်မှာ လိုက်လံရှာဖွေခဲ့ပေမဲ့ ဘာစားစရာ၊ သောက်စရာမှမရနိုင်သေးပါဘူး။ အချို့ဆိုင်လေးတွေက ဆိုင်တံခါးစတင်ဖွင့်ခါစ၊ မီးမွှေးခါစအဆင့်ပဲရှိနေပါသေးတယ်။ မနက်စာကို လမ်းတစ်နေရာရာမှာပဲ စားသောက်ကြရမယ်ထင်ပါတယ်။ မကြာခင်မှာ ဂိတ်ကကားတွေ ရောက်ရှိလာကြတာကြောင့် ပစ္စည်းတွေတင်ပြီး ဟိုတယ်ကနေ စတင်ထွက်ခွာလာနိုင်ခဲ့ကြတယ်။ အချိန်က မနက် ၄ နာရီ မိနစ် ၄၀ ရှိနေပါပြီ။ တောင်ကြီးမြို့တစ်ခုလုံးကတော့ မှောင်မှောင်မည်းမည်း ငြိမ်ငြိမ်သက်သက်ရှိနေဆဲပါ။

တောင်ကြီးမြို့ကနေ ထွက်ခွာလာချိန်မှာ စိန်မိုင်းဆတ် ခရီးသည်သယ်ယူပို့ဆောင်ရေးအမြန်ယာဉ်ငယ်အသင်းက မိမိတို့စီးလာကြတဲ့ ကားနှစ်စီးအပါအဝင် နောက်ထပ်ကားတစ်စီးနဲ့ စုစုပေါင်းသုံးစီးဖြစ်ပါတယ်။ အားလုံးက ပရိဘောက်စ်အမျိုးအစား ကားလေးတွေဖြစ်နေတဲ့အပြင် ကားအမိုးပေါ်တွေမှာလဲ ကုန်ပစ္စည်းတွေအမိုးအမောက် အပြည့်အလျှံပါနေကြပြီး မိုင်းဆတ်မြို့ကိုရောက်တဲ့အထိ အတူတကွ ရှေ့ဆင့်နောက်ဆင့် မောင်းနှင်သွားကြမယ်ဆိုတာကို သိရှိထားရတယ်။ ကားသုံးစီးက တောင်ကြီးမြို့တွင်းလမ်းတွေကနေ ကွေ့လိုက်ချိုးလိုက်မောင်းလာခဲ့ကြပြီး တဖြည်းဖြည်းနဲ့ မြို့ပြင်ကိုရောက်လာခဲ့ကြတယ်။ မြို့ပြင်ကိုရောက်လာခဲ့တဲ့ထိ မနက်စာစားသောက်ကြဖို့အတွက် ဆိုင်ကြီး၊ ဆိုင်ငယ်တွေကို မတွေ့မမြင်ရသေးသလို အမှောင်ထုကကြီးစိုးနေဆဲပါ။ ဒါကြောင့် မိမိက ကားဆရာကို ဟိုပုံးရောက်ရင်တော့ မနက်စာစားသောက်ကြရအောင်ဆိုပြီး ကြိုတင်ပြောထားလိုက်တယ်။ ဟိုပုံးကတောင်ကြီးမြို့နဲ့ ၁၂ မိုင်လောက်ဝေးပါတယ်။ ဒါပေမဲ့ အမြန်ယာဉ်ငယ်ကားလေးတွေရဲ့ မောင်းနှင်အားကောင်းတာကြောင့် ဟိုပုံးမြို့ကိုရောက်လာတဲ့အချိန်မှာလဲ မနက်ဝေလီဝေလင်းတော်တော်စောနေသေးတာမို့ ဘာဆိုင်မှ မဖွင့်ကြသေးပါဘူး။

ကားလေးတွေက ဟိုပုံးကိုဖြတ်ကျော်လာခဲ့ပြီး မကြာခင်မှာ ထမ်ဆမ်းဂူအနီးကို ရောက်လာခဲ့ကြတယ်။ ထမ်ဆမ်းဂူနဲ့ဟိုပုံး၊ ဟိုပုံးနဲ့ထမ်ဆမ်းဂူဆိုတာ ခွဲခြားလို့မရဘဲ တစ်ဆက်တစ်စပ်တည်း ထင်ရှားကျော်ကြားနေကြတာပါ။ ဟိုပုံးဆိုတာက ရှမ်းတိုင်းရင်းသားဘာသာနဲ့ ဟိုဆိုတာ ခေါင်း၊ ထိပ်၊ အစအဦးပိုင်း၊ ပုန်း(ပုင်)ဆိုတာ လျှို။ ဒါကြောင့် လျှိုကြီးရဲ့ အစအဦးပိုင်း၊ ခေါင်းနေရာမှာတည်ရှိနေတဲ့မြို့ဆိုပြီး အဓိပ္ပာယ်ရနေပါတယ်။ မြို့တည်ရှိနေတဲ့ ရေမြေတောတောင်လျှိုမြောင်သဘာဝတွေကို အစွဲပြုပြီး ခေါ်ဆိုလာခဲ့ကြတာပါ။ တကယ်လဲ ဟိုပုံးမြို့ရဲ့တည်နေရာက အင်းလေးကန်ရဲ့ အရှေ့ဘက်ကမ်းတောင်တန်းကြီးနဲ့ ပွန်ချောင်းခေါ် နမ့်ပွန်ချောင်းရဲ့ အရှေ့ဘက် လွယ်မယ်တောင်တန်းကြီးတွေကြား အနိမ့်ဆုံးအပိုင်းမှာ တည်ရှိနေတယ်။ ဒ့ါပြင် တံဘက်ချောင်းကိုအမှီပြုပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ကောင်းကောင်းမွန်မွန် အောင်အောင်မြင်မြင်လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ လျှိုကြီးလည်းဖြစ်နေပါတယ်။

ထမ်ဆမ်းဂူရဲ့ နာမည်အပြည့်အစုံကတော့ ဟတ္ထိပါလထမ်ဆမ်းဂူဖြစ်ပါတယ်။ တောင်ကြီးမြို့ရဲ့အရှေ့ဘက် ၂၆ မိုင်အကွာမှာတည်ရှိနေတယ်။ လိုဏ်ဂူက သဘာဝထုံးကျောက်လိုဏ်ဂူကြီးဖြစ်ပြီး အမြင့်ပေ ၅၀ ရှိတယ်။ လိုဏ်ဂူကြီးရဲ့အရှည်ကို တိတိကျကျ မသိရသေးပေမဲ့ ပေ ၆၀၀၀ ထိ တိုင်းတာထားပြီးပါပြီ။ လိုဏ်ဂူကြီးရဲ့အတွင်းမှာ သဘာဝကျောက်စက်ပန်းဆွဲတွေ၊ ကျောက်စက်မိုးမျှော်တွေ၊ ကျောက်စက်တိုင်တွေအပြင် အလှူရှင်အသီးသီးက လှူဒါန်းထားကြတဲ့ ဗုဒ္ဓရုပ်ပွားတော် ကြီး၊ လတ်၊ ငယ်၊ သေး စုစုပေါင်း ၁၀၈ ဆူကို တည်ရှိကိုးကွယ်ထားကြတယ်။ ထမ်ဆမ်းဆိုတာ ပအိုဝ့်ဘာသာစကားဖြစ်ပြီး မြန်မာဘာသာနဲ့ ဂူဆင်လို့အဓိပ္ပာယ်ရနေတယ်။ သဘောကတော့ ဆင်ကြီးတစ်ကောင်လို ကြီးမားတဲ့ဂူဖြစ်ပါတယ်။ ထမ်ဆမ်းဂူကို ပြီးခဲ့တဲ့အခေါက် တာချီလိတ်ခရီးစဉ်တုန်းက ဝင်ရောက်လေ့လာလည်ပတ်ခဲ့ကြပြီးပါပြီ။ အဲဒီတုန်းက စားခဲ့ရတဲ့တိုဟူးကြော်၊ တိုဟူးသုပ်၊ တိုဟူးနွေးတွေကို အခုအချိန်ထိ သတိရနေပါသေးတယ်။


ထမ်ဆမ်းဂူကိုကျော်လွန်လာတာနဲ့ ဂူရဲ့အပေါ်တောင်ကုန်းထိပ်အမြင့်မှာတည်ထားတဲ့ ရွှေတိဂုံစေတီတော်ပုံစံတူစေတီကြီးတစ်ဆူကို ဖူးမြော်မြင်တွေ့နေရတယ်။ စေတီတော်ကြီးက မြင့်လဲမြင့်၊ ကြီးလဲကြီးပြီး ရွှေရောင်တဝင်းဝင်းနဲ့ပါ။ ဒီနေရာမှာ လမ်းရဲ့အခြေအနေက အနိမ့်အမြင့်၊ အကွေ့အကောက်တွေရှိနေတာကြောင့် မိမိကိုယ်တိုင်ကားမောင်းလာခဲ့တဲ့ အရင်တစ်ခေါက်တုန်းက စေတီတော်ကြီးကိုသေသေချာချာဖူးမြော်ကြည်ညိုခွင့်မရခဲ့ပါဘူး။ ကားကိုသာ အန္တရာယ်မဖြစ်အောင် ဂရုစိုက်မောင်းနှင်နေခဲ့ရတယ်။ ဒီတစ်ခေါက်မှာ ကိုယ်တိုင်ကားမမောင်းရဘဲ ရှေ့ခန်းကနေ အေးအေးလူလူလိုက်ပါလာနိုင်ခွင့်ရနေလို့ စေတီတော်ကြီးကို ဖူးမြော်ခွင့်ရနေတဲ့အပြင် လမ်းတစ်လျှောက် ပတ်ဝန်းကျင်တစ်ခွင်ကိုလဲ လေ့လာကြည့်ရှုခွင့်ရနေတယ်။ ကားဆရာကတော့ ကွမ်းလေးတမြုံ့မြုံ့နဲ့ ကားမောင်းနေရှာတယ်။

မနက်စာစားဖို့အတွက် ဘယ်မှာနားမလဲဆိုပြီး ကားဆရာကိုမေးကြည့်တော့ မိုင်းပွန်မှာနားမယ်လို့ ပြန်ဖြေတယ်။ ထမ်ဆမ်းနဲ့ မိုင်းပွန်က အလွန်ဝေးကွာနေခြင်းမရှိတာကြောင့် မိုင်းပွန်ကို မကြာခင်အချိန်အတွင်း ရောက်ရှိကြတော့မှာဖြစ်ပါတယ်။ မိုင်းပွန်မြို့ကို ရောက်ရှိ ခရီးတစ်ထောက်နားကြပြီးမှ ရှေ့ခရီးကို ဆက်ကြရပါအုံးမယ်။

ဝတ္ထုတိုကဏ္ဍ

# အင်စပက်တော်မင်း ခါးနာခြင်း

**ထွန်းလှိုင်(မြိုင်)**



ဆရာမောင်တင်ထွေး အလုပ်ဝင်စက ခြောက်လမျှ အလုပ်သင်ဆိုပြီး အင်စပက်တော်မင်းထံ နေခဲ့ရ၏။ တိရစ္ဆာန်ဆေးကုဌာန အင်စပက်တော်ရုံးတွင် အင်စပက်တော်မင်းသည် ကိုယ်တိုင်အရာရှိ၊ ကိုယ်တိုင်စာရေး၊ ကိုယ်တိုင်ပြာတာလုပ်ရသောခေတ်ဖြစ်သည်။ ဆရာမောင်တင်ထွေးရောက်လာတော့ စာရေးအလုပ်၊ ပြာတာအလုပ်၊ တစ်ခါတစ်ရံ ဝေယျာဝစ္စလုပ်ရ၏။

အင်စပက်တော်မင်းက အိမ်နှင့်ရုံးခန်း တွဲဖွင့်ထားသောကြောင့် ရုံးဖွင့်ချိန်၊ ရုံးပိတ်ချိန်မရှိပါ။ ဒါကြောင့် ဆရာမောင်တင်ထွေး အင်စပက်တော်မင်း ဦးမြဦး ဗာဟီရကိစ္စတွေလည်းလုပ်ရ၏။ ရုံးလုပ်ငန်း၊ ရုံးကိစ္စများအစီရင်ခံရာတွင် သပ်ရပ်မှုရှိအောင်ဆိုပြီး စစ်တောင်းစက္ကူလွှတ်တွင် မျဉ်းလုံးနှင့် ဖြောင့်အောင် မျဉ်းပစ်ရ၏။ ထင်သလောက်မလွယ်။ ကျယ်သွားလိုက်၊ ကျဉ်းသွားလိုက်နှင့် လေးငါးရက်လောက် မျဉ်းပစ်ကျင့်မှ အဆင်ပြေသွား၏။ ရုံးစာရေးနည်း၊ ဖိုင်ခေါက်နည်း၊ ဖိုင်အမှတ်လိုက်စာတွဲနည်း၊ ဝင်စာထွက်စာသွင်းနည်းကအစ သင်ပေး၏။ နေ့စဉ်မှတ်တမ်း၊ ခရီးစရိတ်ရေးဆွဲနည်း၊ ကူးစက်ရောဂါ အစီရင်ခံစာ၊ ဆေးကုမှတ်တမ်း၊ အထက်အရာရှိအစီရင်ခံစာရေးနည်း၊ ထုချေလွှာရေးနည်းကအစ မခြွင်းမချန်သင်ပေး၏။ ဒါကြောင့် ဆရာမောင်တင်ထွေး ပင်စင်ယူသည်ထိ ရုံးလုပ်ငန်း၊ နယ်လုပ်ငန်း ပိုင်နိုင်စွာ တတ်ကျွမ်းခဲ့၏။

ဆရာမောင်တင်ထွေးကတော့ ရုံးလုပ်ငန်းတွေကို ဒိုင်ခံလုပ်ရ၏။ အင်စပက်တော်မင်းကတော့ ဆေးကုသွားလိုက်၊ တစ်နေရာပြီးတစ်နေရာ သွားလိုက် ပြန်လိုက်နှင့်အဆင်ပြေနေ၏။ သည်ကြားထဲ မြို့မဆရာကြီး ဆရာကျော်ကလည်း ဟိုစာရင်းလေးပေါင်းပေးပါဦး၊ ဒီလချုပ်လေးဖြည့်ပေးပါဦးနှင့် အမျိုးမျိုး တစ်နေ့တစ်မျိုး မရိုးရအောင်ခိုင်းကြ၏။

ဆရာမောင်တင်ထွေးက နောက်မှပေါက်သော ရွှေကြာပင်ဖြစ်နေ၍ ခိုင်းသမျှလုပ်ပေးရသည်။ မလုပ်၍လည်းမဖြစ်။ အဲဒီခေတ်က အင်စပက်တော်မင်း၊ ဝန်ထောက်မင်း၊ ဒုတိယညွှန်ကြားရေးဝန်မင်းတို့က တန်ခိုးအာဏာကြီးထွားလှ၏။

အင်စပက်တော်မင်းကတော် လာလို့ကတော့ ဆရာမောင်တင်ထွေး ရုံးလုပ်ငန်းတွေအပြင် ကလေးပါ ထိန်းပေးခဲ့ရ၏။ တိုလီမိုလီလေး ပြေးပြေးဝယ်ပေးရ၏။ တစ်နေ့သော် အင်စပက်တော်မင်း၏သားဘောလုံးကန်ရင်း ဖိနပ်သဲကြိုးပြတ်သွား၏။ ဖိနပ်က ဂျပန်ဖိနပ်။ သဲကြိုးပြတ်တာက ညာဘက်ဖိနပ်။ အင်စပက်တော်မင်းသိသွားတော့ ဆရာမောင်တင်ထွေးကို ဖိနပ်သဲကြိုးတစ်ဖက်ဝယ်ရန် အကြွေခုနစ်ဆယ့်ငါးပြားပေးလိုက်၏။ ဖိနပ်သဲကြိုးက တစ်စုံတစ်ကျပ်နှင့် ပြားငါးဆယ်ဖြစ်၏။ ဆရာမောင်တင်ထွေး မျက်လုံးပြူး သွား၏။

"ဆရာ ဖိနပ်သဲကြိုးက တစ်စုံလုံးဝယ်မှရတာလေ"

"တစ်ဖက်ပြတ်တာပဲကွာ၊ တစ်ဖက်ထဲ ဝယ်ပေါ့"

အင်စပက်တော်မင်းပြောသည်ကို ဘာမှ အတွန့်မတက်လို၍ ဆရာမောင်တင်ထွေး အိတ်ကပ်ထဲမှ ခုနစ်ဆယ့်ငါးပြားစိုက်ပြီး တစ်စုံဝယ်၍ ဖိနပ်သဲကြိုးပါ တပ်ပေးလိုက်၏။ ဒီကလေး နောက်တစ်ခါဖိနပ်ပြတ်ရင် ဘယ်ဘက်ပြတ်ပါစေလို့။

ဆရာမောင်တင်ထွေး ဆေးကုတဲ့အလုပ် မလုပ်ရ။ နေ့စဉ်နှင့်အမျှ ရုံးအလုပ်ပဲလုပ်နေရ၏။ ကိုယ့်တပည့်သားမြေးဖြစ်လို့ နေ့လယ်နေ့ခင်း လက်ဖက်ရည်တစ်ခွက်သောက်ဖို့ အဝယ်ခိုင်းလေမလား။ အညောင်းပြေလမ်းလျှောက်ရင်း အင်စပက်တော်မင်းက ထွက်တိုက်မလားမျှော်မိ၏။ လည်ပင်းသာ ညောင်ရေအိုးဖြစ်တော့မည် ဝေလာဝေး။ သူကိုယ်တိုင်ကလည်း ဒကာရှိမှသောက်တဲ့အကျင့်ရှိ၏။ တစ်ခါတလေ အင်စပက်တော်မင်း ဆေးကုပြန်လာလျှင်တော့ လက်ဖျားငွေသီးလို့ စားဖို့သောက်ဖို့ပါလေမလားမျှော်မိသည်။ ဆယ်ကွေ့တစ်ကွေ့ အကြော်တစ်မတ်ဖိုး ခြောက်ခု ဒါမှမဟုတ် ဂျုံယိုသည်သာလျှင် တစ်ကျပ်ဖိုး ငါးခွက် ဝယ်တိုက်သည်။ မနက်စျေးဝယ်သွားလို့ စျေးခြင်းတောင်းကိုင် လိုက်ရတဲ့ ဆရာမောင်တင်ထွေး ကြုံကြိုက်လို့မုန့်ဟင်းခါးဝယ်စားကြလျှင် ဟင်းရည်များများတောင်းပြီး ဗိုက်ဖြည့်၏။ တော်တော်ပေသီးခေါက်သည့် အင်စပက်တော်မင်း။ သူ့အပေါင်းအသင်းတွေကတော့ ပြောကြသည်။ "မင်းဆရာ ချစ်တီး"ဟူ၍။ ရုံးလုပ်ငန်းကို နှစ်လ၊ သုံးလလောက်သင်ပြီးတော့ နယ်လုပ်ငန်းကျွမ်းကျင်အောင်ဆိုကာ ဆရာကျော်တို့နှင့်အတူ တစ်ရွာပြီး တစ်ရွာ ကာကွယ်ဆေးထိုးထွက်၏။ အင်စပက်တော်မင်းက ကာကီရောင် ဘောင်းဘီပွပွ၊ အနက်ရောင်ဖလေဇာကုတ်အင်္ကျီဝတ်လျက် ကာကီဦးထုပ်ဆောင်းပြီး မျက်မှန်နက်ကြီးတပ်ကာ ရှေ့က ခပ်ကြွားကြွားသွားနေ၏။ မြို့မဆရာကျော်က လွယ်အိတ်အသေးတစ်လုံးကိုလွယ်လျက် ဆရာမောင်တင်ထွေးကတော့ အင်စပက်တော်မင်း ဝန်စည်စလယ်ကိုထမ်းလျက် လက်တစ်ဖက်က ဆေးလွယ်အိတ်ကိုဆွဲကာ ခရီးစဉ်မဆုံးမချင်း နောက်က တကောက်ကောက်လိုက်ရသည်။

ရွာရောက်တော့ နွားတွေ ကာကွယ်ဆေးထိုးနည်းကို လေးငါးကောင်လောက်ထိုးပြ၏။ မြို့မဆရာကျော်က နွားဆယ်ကောင်လောက်ထိုးပြ၏။ ကျန်တဲ့နွားတွေကို ဆေးထိုးကျွမ်းကျင်အောင်ဆိုပြီး ဖက်ဖက်မောနေအောင် ဆရာမောင်တင်ထွေးကိုင်ရ၏။ အင်စပက်တော်မင်း၊ ဆရာကျော်တို့က သူကြီးမင်းနှင့် ရေနွေးကြမ်းသောက်လိုက်၊ လက်ဖက်သုပ်စားလိုက်၊ မြေပဲဆန်ကြော်ဝါးလိုက်၊ ကြက်ဥကြော် မြည်းလိုက်နှင့် တဟီးဟီးတဟားဟား။ ဆရာမောင်တင်ထွေးက အလုပ်သင်ပဲလေ။ ဒီလောက်တော့ရှိမှာပေါ့။ ဆရာမောင်တင်ထွေး လုပ်သက်ရလာလို့ အင်စပက်တော်မင်းဖြစ်ခဲ့ရင် အလုပ်သင်ကလေးတွေနှင့် ရှိလိမ့်မည်ဟု တွေးထင်ခဲ့၏။

တစ်ရွာပြီးတစ်ရွာ ကာကွယ်ဆေးထိုးလာရတာ လေးငါးရက်ရှိပြီ။ ဒီညတော့ ဇောင်းတောကန်ကျေးရွာမှာ ညအိပ်ဖြစ်၏။ ဇောင်းတောကန် သူကြီးမင်းက ခေတ်မီ၏။ မြို့ကအရာရှိမင်းများ ကြွလာရင် အပူအအေးအချိုအခါး စုံနေအောင်ဧည့်ခံ၏။ သို့သော် သူကြီးကတော်ကိုတော့ ကြောက်ရ၏။ ဆရာမောင်တင်ထွေးတို့၊ အင်စပက်တော်မင်းတို့ နည်းတူဖြစ်မည်။ အဲဒီညမှာ သူကြီးမင်းက အင်စပက်တော်မင်းကိုအကြောင်းပြုပြီး ယမကာနှစ်ပုလင်းဝယ်ခိုင်း၏။

"ဆရာတို့မသောက်လဲ သောင်ချင်ယောင်ဆောင်ပေးပါနော်။ ကျုပ်မိန်းမ မယ်တင်က ဧည့်သည်လာမှ သောက်ခွင့်ပြုတာ"ဟု ကြိုပြောလေသည်။ အင်စပက်တော်မင်းနှင့် ဆရာကျော်တို့ တစ်ခွက်တစ်ဖလားသောက်ကြ၏။ ဆရာမောင်တင်ထွေးကတော့ ကြက်သားကာလသားချက်ကို အားပါးတရစားနေ၏။

"ထမင်းစားကြရအောင်ဗျို့"

ရွာဆော်ကြီး ဦးပေသီးကပြောမှ ထမင်းစားဝိုင်းသွားကာ သူကြီးကတော်လက်ရာ ကြက်သားဟင်းနှင့် ထမင်းစားကြ၏။ ထမင်းစားပြီး သူကြီးမင်းတို့ အင်စပက်တော်မင်းတို့က ရှေးဟောင်းနှောင်းဖြစ်တွေပြောနေကြ၏။ ဆရာမောင်တင်ထွေးကတော့ ပင်ပန်းသည်ဆိုပြီး စောစောအိပ်ရာဝင်ခဲ့သည်။ အင်စပက်တော်မင်းနှင့် ဆရာကျော်တို့ကလည်း ရှေ့ဆင့်နောက်ဆင့် အိပ်ရာဝင်ကြ၏။

ပင်ပန်းလို့အိပ်ပျော်နေသည့် ဆရာမောင်တင်ထွေးက အိပ်မက်လိုလိုအသံတွေ ကြားနေရသည်။

"ဟေ့ ပေသီး ညနေကဝယ်ခဲ့တဲ့ ကြက်သားဖိုးရှင်းအုံးလေကွာ"

လျှာလေးအာလေးကြီးနှင့် သူကြီးမင်းအသံ။

"ကြက်တစ်ကောင်က တစ်ထောင်နဲ့ဝယ်ခဲ့တာ။ ထွေးညိုနှစ်ပုလင်းက ဦးရေဆိုတော့ တစ်ဆယ်ပေးခဲ့ရတယ်။ သူကြီးမင်း ထပ်တောင်ပေးရအုံးမယ်" ဆိုသည့် ရွာဆော်ကြီးအသံ။

"ဟ မဟုတ်သေးပါဘူး ရွာဆော်ကြီးရဲ့။ ကြက်သားတစ်ပိဿာ တစ်ရာကျပ်လောက်ပဲရှိတာ ဘယ်လိုဖြစ်လို့တုံး"

ရွာဆော်ကြီးအဖြေကတော့-

"ဟုတ်တယ် သူကြီးမင်း မိုးကလဲချုပ်နေပြီ။ အင်စပက်တော်မင်းတို့လဲ အချိန်မီစားရအောင် ကြက်လိုက်ရှာတာ ဘယ်မှာမှမရလို့ ပိုက်ထွေးအိမ်က တိုက်ကြက်ဖကြီးကို တောင်းတောင်းပန်ပန်နဲ့ ဝယ်ခဲ့တာသူကြီးမင်းရေ။ တိုက်ကြက်ဆိုတော့ ပိုပေးရတာပေါ့"

"ဟုတ်ပါပြီကွာ။ ထွေးညိုနှစ်ပုလင်းက ဘယ်သူ့ဖိုကလဲ။ တိတ်တိတ်ပုန်းအရက်ချက်နေပြီး ငါလို သူကြီးမင်းကိုတောင် အရေးမထားရောင်းလိုက်ရသလား"

"တုတ်ကြီးဖိုက စိမ်ရည်ပျက်သွားလို့ အရက်မချက်တာ လေးငါးရက်ရှိပြီတဲ့။ ဟိုဘက် ဆူးရစ်ရွာက ဝယ်ပေးရတာ။ ဒါတောင် သူကြီးမို့လို့ ဦးရေပေးလိုက်တာ"

ရွာဆော်ကြီးပေသီးရဲ့ လျှောက်လဲချက်လည်းပြီးရော-

"ကောင်းရော့ကွာ၊ သွားသွား အိပ်ချေတော့။ မနက်ကျ အင်စပက်တော်မင်းတို့ ဧည့်ခံရအောင် စောစောလာခဲ့"ဆိုသောအသံကြားပြီး ဘာသံမှမကြားရတော့။ သူကြီးမင်း အိပ်ပျော်သွားဟန်တူသည်။

မနက်မိုးလင်းတော့ ထမင်းကြော်စားနေစဉ် အသက်လေးဆယ်ကျော် ဝဝခန့်ခန့် အမျိုးသမီးတစ်ဦး နွားမခြေတရွတ်တိုက်ဆွဲနေလို့ဆိုပြီး ဆေးကုလာခေါ်၏။ အင်စပက်တော်မင်းက-

"မင်းတို့ ရေနွေးသောက်ကြဦး" ပြောဆိုကာ ဆေးလွယ်အိတ်ဆွဲကာ ပျာပျာသလဲလိုက်သွား၏။ ခဏကြာတော့ ကလေးတစ်ယောက် ဆရာမောင်တင်ထွေးတို့ဆီ အပြေးကလေးရောက်လာ၏။

"ဆရာကြီးက လာခဲ့ပါဦးတဲ့"

ဆရာမောင်တင်ထွေးနှင့် ဆရာကျော်တို့ လိုက်သွား၏။ အင်စပက်တော်မင်းက ရေနွေးဝိုင်းတွင် အခံ့သားထိုင်ကာ အစ်မကြီးတစ်ယောက်က ရေနွေးငှဲ့ပေးနေသည်။

"ဗိုလ်ထွေးရ နွားမ တုတ်စွဲနေတာကွ။ ငါက ခါးနည်းနည်းနာနေလို့ ကုန်းလို့ကွလို့မရလို့။ မင်းတို့ပဲ တုတ်ခွဲလိုက်ကွာ"ဆို၏။ ဘယ်တုန်းကများ အင်စပက်တော်မင်း ခါးနာလိုက်ပါလိမ့်။ သူကြီးမင်းအိမ်သွားတုန်းက အကောင်းကြီးကို။ အင်း ဆရာမောင်တင်ထွေး ရိပ်မိသွားသည်။ အင်စပက်တော်မင်းတို့ခေတ်က တုတ်ရောဂါခွဲစိတ်ကုသခြင်းကို သင်ကြားခြင်းမရှိသေးပါ။ အင်စပက်တော်မင်းနှင့် အစ်မကြီးတို့ တုတ်ခွဲခ ငွေ၊ ဆေးဖိုး ဘယ်လိုသဘောတူကြသည်မသိ။ ဆရာမောင်တင်ထွေးကတော့ တုတ်ခွဲဖို့ပြင်ဆင်လိုက်၏။

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၂၃၇၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၄၅၀၊ မြောင်မြို့နယ်တွင် ၇၇၁ ဧက စုစုပေါင်း ၂၃၇၃ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ငရုတ်ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ငရုတ်စိုက် တောင်သူများအနေဖြင့် ငရုတ်အထွက်နှုန်းကောင်းဖို့ စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းဖို့နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးကို ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်အပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြား ရရှိကြောင်း သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် လွန်ငင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွန်ငင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က လွန်ငင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွန်ငင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း တတိယအကြိမ်အဖြစ် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူ ၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ရွာသားလေးငါးယောက်နှင့် နွားမကြီးကို တုတ်ခွဲရန် လှဲလိုက်ကြသည်။ ရှေ့လက်နှစ်ချောင်းနှင့် အောက်ဘက်ကျသော နောက်ခြေတစ်ချောင်းပေါင်းပြီး ကြိုးတုတ်လိုက်၏။ တုတ်ခွဲမည့်အပေါ်ဘက်က နောက်ခြေထောက်ကို ကြိုးချည်၍ ငုတ်တိုင်စိုက်ချည်ထားလိုက်၏။ လူတစ်ယောက်က တုတ်ခွဲမည့်ခြေထောက်ကို ထိန်းထား၏။

လူတွေက အထူးအဆန်းဖြစ်၍ဝိုင်းအုံကြည့်နေ၏။ နွားက နာတော့ရုန်းသည်။ တုတ်ခွဲမည့်နောက်ခြေထောက်ချည်ထားသော ကြိုးပြုတ်သွားသည်။ ဝုန်းခနဲကန်လိုက်၏။ ခြေထောက်ကိုထိန်းထားသောလူ ပက်လက်လန်သွား၏။ ခြေထောက်ကိုင်ထားသူနှင့် ဘေးချင်းယှဉ်၍ တုတ်ခွဲသည်ကို ငုံ့ကြည့်နေသော အင်စပက်တော်မင်းလည်း "အုန်းခနဲ" လဲသွား၏။

ဆရာကျော်က ပြေးထူလိုက်ပြီး-

"ဘယ်ထိသွားလဲ ဆရာကြီး"ဆိုတော့ အင်စပက်တော်မင်းက-

"ခါးနည်းနည်း မျက်သွားတယ်ထင်တယ်"

ဆရာကျော်လည်း အင်စပက်တော်မင်းကို ခုတင်ဆီတွဲခေါ်သွားပြီး ပရုတ်ဆီလိမ်းပေးနေ၏။

"အားနာလိုက်တာ ဆရာကြီးရယ်"

တတွတ်တွတ်ပြောနေသော အစ်မကြီး၏အသံကို တုတ်ခွဲရင်း ကြားနေရ၏။ တုတ်ခွဲပြီးတော့ ဆရာမောင်တင်ထွေးတို့ သူကြီးအိမ်ပြန်သွားကြ၏။ သူကြီးမင်းကိုနှုတ်ဆက်ပြီး ချောက်မြို့သို့ပြန်လာကြ၏။ အပြန်လမ်းမှာဖြင့် ကားဂိတ်မရောက်မချင်း ဆရာမောင်တင်ထွေးက အင်စပက်တော်မင်း၏ ဝန်စည်စလယ်အိတ်ကြီးထမ်းလျက် ဆေးလွယ်အိတ်က တစ်ဖက်ဆွဲပြီး ခါးတစောင်းစောင်းနှင့် ရှေ့ကသွားနေသော အင်စပက်တော်မင်းကိုကြည့်လျက်-

"ဩော်...ဒီတစ်ခါ တကယ်ခါးနာသွားပါပကောလား။ ရုံးပြန်ရောက်ရင်တော့ ရုံးလုပ်ငန်းအပြင် အင်စပက်တော်မင်းရဲ့ ဝေယျာဝစ္စတွေပါ လုပ်ရဦးမှာပါကလားလို့။

# မြတ်ပညာမျိုး ကြိုးစားမယ်

- အချိန်ရှိခိုက် လုံ့လစိုက်
  စိတ်မိုက်တို့ ရှောင်ကြဉ်ဖယ်၊
  မောင်မယ်တွေ ဘဝလမ်း
  ဖြောင့်တန်းဖို့ကွယ်၊
  မြတ်ပညာမျိုး ကြိုးစားမယ်
  အနာဂတ်ဝယ် ကောင်းမွန်ရေး၊
  ပျင်းစိတ်တွေ ရင်မှာမဖက်နဲ့
  ရှေ့ဆက်မယ်လေး။

- ကောင်းရာကို ကြံစည်တွေးလို့
  ဘဝအရေး လှစေအမှန်၊
  စည်းကမ်းကို အခြေခံထား
  ရိုးသားကျင့်ကြံ၊
  ကိုယ့်တန်ဖိုး မြင့်မားရန်
  အားမာန်တွေ စိုက်ထုရင်း၊
  ယုံကြည်ရာ ပန်းတိုင်အရောက်
  လှမ်းလျှောက်ပါမင်း။

- ကိုယ့်တာဝန် မလစ်ဟင်းဘဲ
  အပြစ်ကင်း လုပ်ဆောင်လေ၊
  ပညာဉာဏ် တန်ခိုးထွားဖို့
  နိုးကြားစဉ်ပေ၊
  အောင်မြင်မှု ဂုဏ်သတင်းဝေ
  ထုံသင်းစေ ကိုယ့်သမိုင်း၊
  ပညာသည်သာ ရတနာစစ်ကွဲ့
  ထုဆစ်နေ့တိုင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ချောက်မြို့နယ် ဆားတောင်(န)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ချောက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆားတောင်ကျေးရွာအုပ်စု ဆားတောင်(န)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆားတောင်(န)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဆားတောင်(န)ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **နော်လူး**

# ရေကြီးရေလျှံပြီးနောက် သတိပြုဆင်ခြင်ရမည့် ကျန်းမာရေးဆိုင်ရာပြဿနာများ

ရေကြီးခြင်းဆိုသည်မှာ ရေဖုံးလွှမ်းမနေသော မြေများကို ရေဖုံးလွှမ်းခြင်းဟုဆိုထားပြီး ပုံမှန်အားဖြင့် ခြောက်သွေ့သောမြေနေရာများ ရေစီးမှုကြောင့် နစ်မြုပ်သွားခြင်းကိုခေါ်သည်။ ရေကြီးရခြင်းမှာ လှိုင်းများကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခြင်းကြောင့်လည်းဖြစ်လေ့ရှိသည်။ ရေရှိရာနေရာများဖြစ်သော မြစ်များ၊ ရေကန်များနှင့် ဆည်များ၏ တာရိုးများပေါ်မှ ရေကျော်ခြင်းနှင့် ကျိုးပျက်ခြင်းများကြောင့် ရေလျှံကျပြီး အချို့ရေများသည် ပုံမှန်တည်ရှိရာနယ်နိမိတ်ကို ကျော်လွန်သွားသည့်အခါ ရေကြီးခြင်းဖြစ်ပေါ်တတ်သည်။ ထို့ပြင် ရေစိမ့်မဝင်နိုင်သည့်မြေပေါ်သို့ မိုးရေများအများ အပြားကျရောက်ခြင်းက ရေကြီးမှုအခြေအနေကို ပိုမိုဆိုးရွားစေသည်။ ထို့ပြင် မြစ်များအတွင်း ရေစီးနှုန်းများ မြစ်ကြောင်း၏ရေထိန်းနိုင်မှုပမာဏကို ကျော်လွန်သွားသည့်အခါတွင် ရေကြီးရေလျှံခြင်းဖြစ်ပေါ်တတ်ပြီး ပုံမှန်အားဖြင့် မြစ်ကွေ့၊ မြစ်ကောက်နေရာများတွင်ဖြစ်တတ်သည်။ ရေကြီးချိန်တွင် လျှံကျလာသည့်ရေများကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာများကို ထိခိုက်ပျက်စီးနိုင်သည်။ မြစ်များကြောင့် ဖြစ်ပေါ်လာသော ရေကြီးမှုကို ရှောင်လွှဲရန်အတွက် မြစ်နှင့်အခြားသော ရေအရင်းအမြစ်များရှိရာနေရာများမှ အဝေးသို့ပြောင်းရွှေ့နေထိုင်နိုင်သော်လည်း လူသားများသည် မြေနေရာပြန့်ပြူးခြင်း၊ မြေဩဇာကောင်းမွန်ခြင်းနှင့် မြစ်ကိုအသုံးပြု၍ ကုန်သွယ်မှုများ ပြုလုပ်နိုင်ခြင်းများကြောင့် မြစ်နှင့်အခြားသောရေအရင်းအမြစ်များအနီးတွင် နေထိုင်လေ့ရှိကြသည်။ ယခုကာလသည် မုတ်သုံရာသီအားကောင်းသည့် ကာလဖြစ်သောကြောင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ထူးခြားမှုများ ဖြစ်ပေါ်လာပါက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ သတင်းနှင့်သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်ကို ဂရုပြုကြရမည်ဖြစ်သည်။

ပုံမှန်ကြီးလေ့ရှိသော ရေကြီးမှုများသည် တဖြည်းဖြည်းချင်းဖြစ်ပေါ်တတ်သော်လည်း ရုတ်တရက်ရေကြီးခြင်းသည် မိုးအရိပ်အယောင်လုံးဝမမြင်ရဘဲ မိနစ်ပိုင်းအတွင်း သည်းထန်စွာမိုးရွာသွန်းခြင်းမှ ရေကြီးရေလျှံမှု ဖြစ်ပေါ်စေနိုင်သည်။ ရေကြီးခြင်းသည် မိမိတို့၏ အိမ်အနီးအနား၊ ပတ်ဝန်းကျင်၊ ဒေသတွင်း ရေကြီးခြင်းမှသည် မြစ်ဝှမ်းဒေသတစ်ခုလုံးကိုထိခိုက်စေသော ကြီးမားသည့်ရေကြီးခြင်းများထိ ဖြစ်စေနိုင်သည်။ မည်သို့ရေကြီးခြင်းအမျိုးအစားဖြစ်စေကာမူ လူသားများအတွက် ကောင်းကျိုးမရှိပေ။ ထို့ပြင် မိုးရွာသည့်အခါ ကောင်းမွန်သော မြေဆီလွှာများ တိုက်စားမခံရအောင်ထိန်းကျောင်းပေးပြီး ရေလွှမ်းမိုးမှုကိုအတော်အသင့်ကာကွယ်ပေးနိုင်သော သစ်ပင်၊ သစ်တောများသည် လူသားတို့၏အလွန်အကျွံခုတ်ထွင်ရှင်းလင်းခြင်းခံရသည့်အခါတွင် ရေကြီးရေလျှံမှုကို အားပေးသကဲ့သို့ဖြစ်လာသည်။ သစ်တောပြုန်းတီးခြင်းသည် မြေဆီလွှာ၏ခံနိုင်ရည်အားကို လျော့ရဲစေပြီး မိုးရွာသည်နှင့်အလွယ်တကူတိုက်စားမှုနှင့် ပြိုကျမှုများကိုဖြစ်စေသည်။ ခံနိုင်ရည်အားကျဆင်းလာသောမြေဆီလွှာကို မိုးရေကတိုက်စားပြီး မြစ်ထဲသို့ မြေဆီလွှာများကိုသယ်ဆောင်ကာ မြစ်ကြမ်းပြင်တွင် စုဆောင်းလိုက်ခြင်းက မြစ်ကြမ်းပြင်ကို မြင့်တက်လာစေပြီး မြစ်၏ရေဲယာကိုကျဉ်းမြောင်းသွားစေသည်။ ထိုအခါ မြစ်ရေစီးရေလာမကောင်းခြင်းများဖြစ်လာကာ ရေကြီးရေလျှံမှုနှင့် မြစ်ကမ်းပါးများ ပြိုကျမှုကိုဖြစ်စေသည်။

လူသားတို့၏ မဆင်မခြင်လုပ်ရပ်များသည် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုသည် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုကိုဖြစ်လာစေသည်။ မိုးခေါင်ခြင်း၊ အပူချိန်လွန်ကဲခြင်းစသည့် အစွန်းရောက်ရာသီဥတုများကြောင့် အချို့သောဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ရပ်များ၊ အချို့သောဒေသများတွင် မိုးခေါင်ရေရှားမှုဖြစ်ရပ်များကို ဖြစ်စေသည်။ သဘာဝကပ်ဘေးများသည် လူသားတို့၏ စီးပွားရေးလုပ်ငန်းများကိုသာမက အသက်အိုးအိမ်စည်းစိမ်များကိုပါ ဆိုးရွားစွာထိခိုက်စေသည်။ ကမ္ဘာတစ်ဝန်းရှိ သဘာဝဘေးအန္တရာယ်အားလုံး၏ ၄၀ ရာခိုင်နှုန်းခန့်သည် ရေကြီးရေလျှံမှုဖြစ်သည်။ ထို့ကြောင့် ရေကြီးရေလျှံခြင်းကို ပေါ့ပေါ့ဆဆနေ၍မရပေ။

မြန်မာနိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းရာဂိနှင့်



ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပွားခဲ့သည့် မုန်တိုင်းငယ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်းရပ်ဝန်းနှင့်ပတ်သက်ပြီး သတိပေးချက်များကို ဩဂုတ် ၂၉ ရက်ကစပြီး ထုတ်ပြန်ခဲ့သည့်အပြင် အလားတူ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သော အင်အားကြီးတိုင်ဖွန်းမုန်တိုင်းရာဂိအရှိန်ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သော ရေကြီးရေလျှံမှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ မြေပြိုနိုင်မှုအခြေအနေများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၉ ရက်ကစပြီး ကျယ်ကျယ်ပြန့်ပြန့် သတိပေးလှုံ့ဆော်ခဲ့သည်။ ထိုသို့ သတိပေးချက်များ စဉ်ဆက်မပြတ်ထုတ်ပြန်လျက်ရှိရာ စက်တင်ဘာ ၉ ရက် တစ်ညတည်း၌ တပ်ကုန်း၊ နေပြည်တော်တစ်ဝိုက်တွင် မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့ပြီး ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ကျေးရွာများ၊ လူနေရပ်ကွက်များ ရေကြီးမှုများ၊ အိမ်ခြေ၊ လမ်းတံတားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၂၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့်မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၆၇ ဦးရှိကြောင်း၊ နေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း၊ ရေဝင်နစ်မြုပ်မှုမှာ ၁၅၈၃၄၃ လုံးဖြစ်ကြောင်း၊ ယာယီဒုက္ခသည်စခန်းများတွင် ၁၆၃၅၇၃ ဦးရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်သူ ၂၃၄၅၃၅ ဦးရှိကြောင်း သိရသည်။

ထိုသို့ ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်စဉ်များသည် လူသားများကို ရေနစ်သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်း၊ မီးလောင်ခြင်း၊ တိရစ္ဆာန်များကိုက်ခံရခြင်း၊ ရေကြီးပြီးနောက် မီးစက်များ သို့မဟုတ် မီးဖိုချောင်သုံးပစ္စည်းများမှ ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများ တွေ့ကြုံစေနိုင်သည်။ မြေအောက်ရေ၊ မြစ်များ၊ ကမ်းရိုးတန်းများမှ ရေများလျှံတက်လာခြင်းကြောင့် ဖြစ်ပေါ်လာသောရေကြီးခြင်းတွင် လျှံတက်လာသောရေများသည် မိလ္လာကန်၊ မိလ္လာစနစ်များ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုစွန့်ပစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများစသည်တို့ကို ဖြတ်စီးလာပြီးနောက် သောက်ရေ၊ သုံးရေများကို ညစ်ညမ်းစေတတ်သည်။ ရေကြီးပြီးနောက်အဖြစ်အများဆုံးသော ကျန်းမာရေးအန္တရာယ်များမှာ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများအပြင် နာတာရှည်ရောဂါများပိုဆိုးလာခြင်း၊ မသန်စွမ်းမှု၊ အာဟာရချို့တဲ့မှုနှင့် စိတ်ကျန်းမာရေးပြဿနာများစသည်တို့ ခံစားရနိုင်သည်။

ထို့ကြောင့် ရေကြီးရေလျှံပြီးနောက်တွင် စနစ်တကျဆင်ခြင်နေထိုင်၊ စားသောက်ခြင်းမပြုပါက ကျန်းမာရေးဆိုင်ရာပြဿနာများကို ပိုမိုဆိုးရွားစေနိုင်သည်။ ရေကြီးရေလျှံခြင်းနှင့်အတူအစားအစာညစ်ညမ်းမှုများ၊ မသန့်ရှင်းသောသောက်သုံးရေများမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်စေသည်။ လူသားများသည် ညစ်ညမ်းသောရေနှင့်ထိတွေ့မိသည့်အခါ ရေမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူလမ်းကြောင်းပိုးဝင်ခြင်း၊ အူရောင်ငန်းဖျားရောဂါနှင့် အသည်းရောင်အသားဝါအရောဂါများကဲ့သို့ ကူးစက်နိုင်သောရောဂါများကို ဖြစ်စေနိုင်သည်။ ကမ်းရိုးတန်းဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပါက အဆိုပါဒေသရှိ သောက်သုံးရေထဲသို့ ဆားငန်ရည်ဝင်ရောက်မှုကြောင့် သွေးတိုးရောဂါများ ဖြစ်နိုင်ခြေပိုများလာသည်။ ရေဘေးသင့်ပြည်သူများ နေထိုင်ရာနေရာများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် လူစုလူဝေးနှင့်နေထိုင်ရသည့်အတွက် ကူးစက်ဖြစ်ပွားနိုင်ခြေပိုများသည်။ ထို့ပြင် ရေကြီးရေလျှံသည့်အခါတွင် စိုထိုင်းဆများသည့်အခြေအနေကြောင့် ခြင်ပိုမိုပေါက်ဖွားမှုဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါကဲ့သို့ ခြင်မှတစ်ဆင့်ကူးစက်သည့်ရောဂါများ ဖြစ်နိုင်ခြေမြင့်မားလာသည်။ ရေကြီးရေလျှံချိန်ကြာမြင့်ခြင်းကြောင့် ရေစိုကာပိတ်မိနေသော ရေဘေးသင့်ပြည်သူများတွင် ခန္ဓာကိုယ်အပူချိန်ကျဆင်းပြီး အရေပြားအေးစက်ခြင်း၊ သွေးပေါင်ကျခြင်း၊ တုန်ယင်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်းများလည်း ဖြစ်နိုင်သည်။

ရေကြီးရေလျှံခြင်းကြောင့် အစိုဓာတ်လွန်ကဲသည့်အခါတွင် အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ရောဂါအခံရှိသူများတွင် ကိုယ်ခံအားနည်းပြီး ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် တုပ်ကွေးဗိုင်းရပ်ပိုးကဲ့သို့ အခြားရောဂါပိုးမွှားများ အလွယ်တကူဝင်ရောက်နိုင်သည်။ ညစ်ညမ်းသောရေနှင့်ထိတွေ့ခြင်းကြောင့် အရေပြားယားယံခြင်း၊ နီမြန်း ခြင်း၊ ပွေး၊ ဝဲ၊ ယားနာနှင့် အရေပြားဒဏ်ရာပိုးဝင်ခြင်း၊ အရေပြားမှိုပိုးကူးစက်ခြင်းတို့ကို ခံစားရနိုင်သဖြင့် အချိန်မီကုသမှုခံယူရန်လိုအပ်သည်။ အရှင်းမပျောက်ကင်းသေးသောဒဏ်ရာများအတွင်း ပိုးဝင်ခြင်းကြောင့် ဖျားနာခြင်း၊ မေးခိုင်ပိုးဝင်ခြင်းကြောင့် သေဆုံးခြင်းများထိ ဖြစ်နိုင်သည်။

ရေကြီးရေလျှံပြီးနောက် လမ်းပေါ်ချက်ချင်းထွက်ခြင်းကိုလည်းရှောင်ရမည်။ ဓာတ်တိုင်လဲကျမှုများရှိသည့်အတွက် လျှပ်စစ်အန္တရာယ်ရှိနိုင်သည်။ ထို့ပြင် ရေကြီးချိန်တွင် မြေသားများပျော့ပြီး မြေပြိုမှုနှင့် အဆောက်အအုံပြိုကျမှုများ ဖြစ်နိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ နောက်ထပ် သတိပြုရမည်မှာ မြွေအန္တရာယ်ဖြစ်သည်။ ရေကြီးချိန်တွင် မြွေနှင့် အခြားအဆိပ်ရှိသောသတ္တဝါများ ထွက်လာနိုင်သည့်အတွက် ရေကျချိန်တွင် မြွေခိုအောင်းနိုင်သောနေရာများနှင့် မြွေခိုအောင်းနိုင်သည့်ပစ္စည်းများကိုကိုင်တွယ်ရာတွင် သတိထားရမည်ဖြစ်သည်။ ရေကြီးမှုကြောင့် သေဆုံးသွားသည့်တိရစ္ဆာန်များကို စနစ်တကျရှင်းလင်းပြီး မြေမြှုပ်မီးရှို့ခြင်းများ ပြုလုပ်ရမည်။ ထိုသို့ စနစ်တကျရှင်းလင်းမှုများမပြုလုပ်ပါက ကူးစက်ရောဂါများ ဖြစ်လာနိုင်သည့်အတွက်ဖြစ်သည်။ ရေကြီးပြီးနောက်တွင် ရေကိုကျိုချက်သောက်သုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရေစိုပြီးကျန်ခဲ့သည့် အစားအသောက်များကို နမြောပြီး စားသုံးခြင်းကိုရှောင်ပါ။ ဝမ်းရောဂါကဲ့သို့ ကူးစက်ရောဂါများ ဖြစ်နိုင်ခြေများသည့်အတွက်ဖြစ်သည်။ ရေကျပြီးနောက် အပြင်ထွက်သွားလာသည့်အခါ အတတ်နိုင်ဆုံး လည်ရှည်ဖိနပ်များစီးသင့်သည်။ ရေကြီးချိန်က ရေဝင်ထားသည့် ရေကန်၊ ရေအိုးကဲ့သို့ ရေအရင်းအမြစ်များကို ကုန်စင်အောင်သွန်ပစ်ပြီး အသစ်လဲပေးပါ။ ဖြစ်နိုင်ပါက ရေကြီးရေလျှံဖြစ်ပြီးနောက် သောက်ရေနှင့်ချက်ပြုတ်ရန်အတွက် ရေသန့်ကိုသာ အသုံးပြုသင့်သည်။ ရေကျသွားခြင်းနှင့် မိုးရပ်သွားခြင်းသည် စိတ်ချရသောမိုးလေဝသအခြေအနေမဟုတ်သေးသည့်အတွက် မိုးလေဝသနှင့်ဇလဗေဒမှ ထုတ်ပြန်သောနောက်ဆက်တွဲ မိုးလေဝသ သတင်းများကိုအမြဲနားစွင့်ကာ ကောလာဟလသတင်းများကို သတိဖြင့် ရှောင်ရှားဆင်ခြင်နိုင်ရမည်ဖြစ်သည်။

ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသောရေဘေးသင့်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးကျွမ်းကျင်ပညာရှင်များက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလိုက်နာရန် အရေးကြီးသည်။ သို့မှသာ ရေကြီးရေလျှံပြီးနောက် လူထုကျန်းမာရေးပညာပေးခြင်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ကာ ပြည်သူများတွင် ဖြစ်လာနိုင်သော ကျန်းမာရေးအန္တရာယ်များကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- How does flooding cause landslides?
- How we use your flooding and landslide information

**မေဇင်ထွန်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ခနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ခနုဖြူ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ခနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြ၍ သိရသည်။

ခနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ဖူးစားပြောင်းအဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ခနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ခနုဖြူမြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေနဲ့ ဖူးစားပြောင်းစိုက်တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ခနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြသည်။

ခနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် မင်းတဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းတဲကြီးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မင်းတဲကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၁၀ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းတဲကြီးကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ရန်ပုံငွေကျပ် ၁၀ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်ထက်မြက်နေတဲ့ လက်စတာအသင်း၊ ပီအက်စ်ဗွီအသင်း၊ ဂျူဗင်တပ်အသင်းတို့ကို အားပေးရမှာပါ

M L




စနေနေ့ည ကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာတော့ ခြေရည်တူအသင်းတွေနဲ့ အသင်းကြီးတွေ့ဆုံမှုတွေ ရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ ခြေရည်တူအသင်းတွေ့ဆုံမှုမှာ အိမ်ရှင်အသင်းတွေ ရလဒ်ကောင်းခဲ့တာဖြစ်လို့ ပရိသတ်တွေမျှော်မှန်းထားသလို ဖြစ်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာလဲ ခြေရည်တူ အသင်းပွဲတွေမှာ အိမ်ရှင်အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

## လက်စတာအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ်(၅) မှာအကြိုက်တွေ့မိတာကတော့ လက်စတာအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်စတာအသင်းဟာ ပရီးမီးယားလိဂ် လေးပွဲကစားအပြီးမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ကြောင့် ရမှတ်နှစ်မှတ်နဲ့ အဆင့်(၁၅) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ကို အခုနှစ်မှ တန်းတက်လာတယ်ဆိုပေမဲ့ ပရီးမီးယားလိဂ် အတွေ့အကြုံရှိတဲ့ ကစားသမားတွေကို ပိုင်ဆိုင်ထားတာဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့မှာလဲ ဘိုနာနိုတီ၊ အိုလီဗာစကစ်၊ ဂျော်ဒန်အရူး၊ အီဒိုအာ့ တို့လိုကစားသမားတွေ ထပ်မံခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ နည်းပြစတိဗ်ကူးပါးကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချပြီး ရလဒ်ကောင်းဖို့ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကိုမပြင်နိုင်သေးတာကြောင့် ရလဒ်ဆိုးက ရုန်းမထွက်နိုင်သေးတာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်ပိုင်းကတော့ ကစားပုံထက်မြက်ခဲ့ပြီး ပရီးမီးယားလိဂ်လေးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ အဲဗာတန်လို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးနိုင်မယ်ဆိုရင် နိုင်ပွဲရဖို့များပါတယ်။

အဲဗာတန်အသင်းဟာ အခုနှစ်အမှတ်ပေးပြိုင်ပွဲမှာ လေးပွဲစလုံးရှုံးခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၁၃ ဂိုးထိရှိခဲ့တာကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်နေတာဖြစ်ပါတယ်။ နည်းပြဒိုက်ချီကတော့ ဖိအားတွေအောက်ကနေရုန်းထွက်ဖို့ အစွမ်းကုန်ပြင်ဆင်နေပေမဲ့ ကွင်းလယ်ကစားသမား အိုနာနာကို လက်လွှတ်ခဲ့ရတဲ့နောက်ပိုင်း ကစားအားကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ခံစစ်ပိုင်းက ပတ်တာဆန်၊ ဘရန့်ဝိတ်၊ ကိုးမန်းတို့ ဒဏ်ရာရနေတာကလဲ အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြက ၄-၂-၃-၁ ကစားကွက်နဲ့ပဲ ပွဲထွက်နေပေမဲ့ ဒီကစားကွက်မှာ ကွင်းလယ်ကစားအားကျဆင်းနေမှုက ခံစစ်၊ တိုက်စစ် လိုက်မကူနိုင်ဘဲ ပြိုင်ဘက်ရဲ့ တိုက်စစ်ကိုသာ ဟန့်တားနေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အမှတ်ပေးပွဲတွေမှာ တိုက်စစ်ကစားပုံ ထက်မြက်လာခဲ့ပေမဲ့ ခံစစ်ပိုင်းက ပွဲချိန်ကြာလာတာနဲ့ နေရာလွတ်တွေရှိခဲ့ပြီး ဘုန်းမောက်လိုအသင်းကို ခုနစ်မိနစ်အတွင်း သုံးဂိုးထိပေးလိုက်ရတာကို သတိပြုရမှာပါ။ အေဗီလာနဲ့ပွဲမှာလဲ ပထမဆုံး ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူခဲ့ပေမဲ့ ဒုတိယပိုင်းမှာ ချေပဂိုးနဲ့ အနိုင်ဂိုးပေးလိုက်ရတာကြောင့် လက်စတာလို တိုက်စစ်ကောင်းတဲ့အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာ လက်စတာက အသာရထားတာကြောင့် အိမ်ရှင်လက်စတာအသင်း ရလဒ်ကောင်းမှာပါ။

**လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၁ | - | ၁ | စပါး |
| ဖူလ်ဟမ် | ၂ | - | ၁ | လက်စတာ |
| လက်စတာ | ၄ | - | ၀ | ထရန်မီရီ |
| လက်စတာ | ၁ | - | ၂ | အေဗီလာ |
| ပဲလေ့စ် | ၂ | - | ၂ | လက်စတာ |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၄ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၀ | ဒွန်ကက်စတာ |
| အဲဗာတန် | ၂ | - | ၃ | ဘုန်းမောက် |
| အေဗီလာ | ၃ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၁ | ဆောက်သမ်တန် |

## ပီအက်စ်ဗွီအသင်း အနိုင်ရမှာပါ

ပြင်သစ်လီဂူး အမှတ်ပေးပွဲစဉ်(၅) မှာအကြိုက်တွေ့မိတာကတော့ ရိမ်းအသင်းနဲ့ ပီအက်စ်ဗွီအသင်းတို့ ပွဲစဉ်ဖြစ်ပါတယ်။ ရိမ်းအသင်းဟာ လေးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၆) မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ လိုင်လီကိုရှုံးခဲ့ပြီးနောက်ပိုင်း တိုက်စစ်ကစားအားကောင်းလာတာကြောင့် နောက်ပိုင်းပွဲတွေမှာ ရလဒ်ပြန်ကောင်းခဲ့တာဖြစ်ပါတယ်။ ရိမ်းအသင်းအနေနဲ့ ကစားသမားအပြောင်းအရွှေ့တွေမှာ ထိပ်တန်းအဆင့် ကစားသမားခေါ်ယူနိုင်မှု မလုပ်ခဲ့ပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီနောက်ပိုင်း တန်းမဆင်းရဘဲ လီဂူးပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရနေတာကိုတွေ့ရမှာပါ။ လက်ရှိနည်းပြသစ် အယ်လ်နာက ယခင် ၄-၃-၃ ကစားကွက်ကို ပြောင်းလဲမှုမလုပ်ဘဲ အထိုင်ချကစားနေတာကြောင့် တိုက်စစ်ပိုင်းက သွင်းဂိုးခြောက်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ရိမ်းအသင်းဟာ တိုက်စစ်ကောင်းတဲ့အသင်းတွေကို ခံစစ်အားပြုကစားတာကြောင့် ဂိုးရဖို့ ခက်ခဲခဲ့ပြီး အလွယ်တကူဂိုးပေးနေရတာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းရဲ့ အိမ်ကွင်းကစားပုံက လက်ရှိအချိန်ထိ တည်ငြိမ်မှုမရှိသေးတာကြောင့် ပီအက်စ်ဗွီကိုထိန်းချုပ်ပြီး ရမှတ်ခွဲယူဖို့မဖြစ်နိုင်ပါဘူး။

ပီအက်စ်ဗွီအသင်းဟာ တိုက်စစ်မှူး အမ်ဘက်ပီမရှိတော့တဲ့နောက်ပိုင်း အသင်းလိုက်ကစားအားကောင်းလာတာကြောင့် လေးပွဲဆက်နိုင်ပွဲရခဲ့ပြီး တိုက်စစ်ပိုင်းက ၁၆ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ပီအက်စ်ဗွီဟာ နွေရာသီအပြောင်းအရွှေ့မှာ ပါချို၊ နီဗက်စ်၊ ဒိုအီတို့လို ထိပ်တန်းအဆင့်ကစားသမားတွေ ခေါ်ယူနိုင်ခဲ့တာကြောင့် အရန်ကစားသမားစုဖွဲ့မှု ကောင်းနေသလို တိုက်စစ်ပိုင်းကလဲ ဒမ်ဘီလီ၊ ဘာကိုလာ၊ အဆန်စီယိုတို့က လိုအပ်တဲ့ သွင်းဂိုးတွေကို သွင်းယူပေးနေတာဖြစ်ပါတယ်။ နည်းပြအန်းနရစ်ဟာ အမ်ဘက်ပီ မထွက်ခင်ကတည်းက အသင်းကို အကောင်းဆုံးတည်ဆောက်နိုင်ခဲ့တာကြောင့် ကစားသမားကောင်းတစ်ဦးတစ်ယောက်ကို ဦးတည်ကစားသလို မဖြစ်တော့ဘဲ အသင်းလိုက်ကစားအားကောင်းလာတာကို တွေ့ရမှာပါ။ ဒ့ါပြင် အသစ်ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား နီဗက်စ်ကလဲ ခံစစ်၊ တိုက်စစ်လိုက်ပါကစားနိုင်သလို ဖေဘီယန်ရစ်ကလဲ ခြေစွမ်းပိုင်းပိုကောင်းလာတာကြောင့် ပီအက်စ်ဗွီကွင်းလယ်ကစားအားက ပြိုင်ဘက်မရွေး ထိန်းချုပ်ကစားနိုင်တဲ့ အခြေအနေဖြစ်နေလို့ ရိမ်းအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။ လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းအရ ပီအက်စ်ဗွီသာနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရခဲ့တာကြောင့် ပီအက်စ်ဗွီပဲ အနိုင်ရသွားမှာပါ။

**ရိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗစ်ဆဲလ်ကိုဘီ | ၁ | - | ၀ | ရိမ်း |
| ရိမ်း | ၀ | - | ၂ | လိုင်လီ |
| မာဆေး | ၂ | - | ၂ | ရိမ်း |
| ရိမ်း | ၂ | - | ၁ | ရင်းနက် |
| နန့်တက် | ၁ | - | ၂ | ရိမ်း |

**ပီအက်စ်ဗွီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၁ | - | ၁ | ပီအက်စ်ဗွီ |
| လီဟာဗေး | ၁ | - | ၄ | ပီအက်စ်ဗွီ |
| ပီအက်စ်ဗွီ | ၆ | - | ၀ | မောင့်ပယ်လီယာ |
| လိုင်လီ | ၁ | - | ၃ | ပီအက်စ်ဗွီ |
| ပီအက်စ်ဗွီ | ၃ | - | ၁ | ဘရက် |

## ဂျူဗင်တပ်အသင်းကို ရွေးချယ်ရမှာပါ

အီတလီစီးရီးအေပွဲစဉ်(၅) မှာအကြိုက်တွေ့မိတာကတော့ ဂျူဗင်တပ်နဲ့နာပိုလီအသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အမှတ်ပေးပွဲလေးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိသေးပေမဲ့ ရမှတ်ရှစ်မှတ်သာရခဲ့တာကြောင့် အဆင့်(၄) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်မော့တာ လက်ထက်မှာ ဒေါက်ကလက်လူးဝစ်၊ ကွန်စီကာအို၊ ကူမိုင်နာတို့လို ထိပ်တန်းအဆင့် ကစားသမားတွေကို ခေါ်ယူနိုင်ခဲ့ပေမဲ့ တိုက်စစ်ကစားပုံကအားရစရာမရှိသေးဘဲ ခံစစ်ပိုင်းသာတည်ငြိမ်လာတာဖြစ်ပါတယ်။ လက်ရှိတိုက်စစ်ပိုင်းကို ဗလာဟိုဗစ်၊ ဂွန်ဇာလက်ဇ်၊ ကူမိုင်နာတို့ ဦးဆောင်နေပေမဲ့ ဗလာဟိုဗစ် ဂိုးမသွင်းနိုင်ရင် ဂျူဗင်တပ်အသင်းနိုင်ပွဲပျောက်ဆုံးခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာ ပြိုင်ဘက်အသင်းအနေနဲ့ ဗလာဟိုဗစ်ကို ထိန်းချုပ်ဖို့ ကြိုးစားလာမှာသေချာနေတာကြောင့် တိုက်စစ်မှာ ပွဲအဖြေကို ပြောင်းပေးနိုင်တဲ့ ကစားသမားတွေကို အသုံးပြုရမှာဖြစ်ပါတယ်။

နာပိုလီအသင်းဟာ နည်းပြသစ်ကွန်တီ လက်ထက်မှာ အဖွင့်ပွဲကို ရှုံးခဲ့ပြီးနောက်ပိုင်း ဆက်တိုက်နိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုပိုင်း အားကောင်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် လေးပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ အဆင့်(၂) နေရာမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ နည်းပြကွန်တီဟာ နွေရာသီအပြောင်းအရွှေ့မှာ တိုက်စစ်မှူး နီရက်စ်၊ လူကာကူ၊ ကွင်းလယ်က တွန်မီနေး၊ ဂယ်မော်တို့ကို ခေါ်ယူအားဖြည့်ခဲ့ပေမဲ့ တိုက်စစ်မှူး အိုစီမန်ကို ဖီနာဘာချီကို အငှားစေလွှတ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၃-၄-၂-၁ ကစားကွက်မှာ တိုက်စစ်အားပြုကစားနေတာကြောင့် တိုက်စစ်ပိုင်းဂိုးရဖို့ လွယ်နေပေမဲ့ ပြီးခဲ့တဲ့ပွဲတွေဟာ ဘိုလေ့နာ၊ ပါးမား၊ ကက်ဂလီယာရီတို့လို အသင်းငယ်တွေဖြစ်တာကို သတိပြုရမှာပါ။ ဒါကြောင့် ဂျူဗင်တပ်လို ခံစစ်ကစားပုံတည်ငြိမ်ပြီး ခြေစွမ်းပြကစားသမားတွေရှိနေတဲ့ အသင်းကို တိုက်စစ်ဖွင့်ကစားမယ်ဆိုရင်တော့ ဗီရိုနာကို ရှုံးခဲ့သလို ဂိုးပြတ်ရှုံးသွားနိုင်ပါတယ်။ ဂျူဗင်တပ်နည်းပြ မော့တာကလဲ တိုက်စစ်ထက် ဂိုးမပေးရရေး အာရုံစိုက် ကစားနေတာကြောင့် နာပိုလီအသင်းတိုက်စစ်မြှင့်ကစားမယ်ဆိုရင် ဂိုးပေးရဖို့သေချာနေလို့ အခုပွဲမှာ ရှုန်းကန်ရဖို့များပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲမှာ နှစ်ပွဲဆက်သရေရလဒ်ကြောင့် ရမှတ်လိုအပ်နေတဲ့ ဂျူဗင်တပ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၃ | - | ၀ | ကိုမို |
| ဗီရိုနာ | ၀ | - | ၃ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၀ | - | ၀ | ရိုးမား |
| အမ်ပိုလီ | ၀ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၁ | ပီအက်စ်ဗွီ |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၀ | - | ၀ | မိုဒီနာ |
| ဗီရိုနာ | ၃ | - | ၀ | နာပိုလီ |
| နာပိုလီ | ၃ | - | ၀ | ဘိုလေ့နာ |
| နာပိုလီ | ၂ | - | ၁ | ပါးမား |
| ကက်ဂလီယာရီ | ၀ | - | ၄ | နာပိုလီ |

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ။ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်




မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

*We Protect The Family*


## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း၊ Grade-6 တွင် ပညာသင်ကြားနေသော မသင်းသင်းဦး ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကိုမာ ဖြစ်ပါကြောင်း။ ဦးကိုမာ(၉/သစန(နိုင်)၁၁၇၄၈၁)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဇော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်နိုင်လင်း ဖြစ်ပါကြောင်း။ ဦးဇော်နိုင်လင်း (၁/ကမန(နိုင်)၀၅၀၃၆၅)

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း၊ Grade-9 တွင် ပညာသင်ကြားနေသော မစောသန္တာထွန်း ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမောင်ထူး ဖြစ်ပါကြောင်း။ ဦးမောင်ထူး(၅/ဘတလ(နိုင်)၁၁၉၇၈၆)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မမေမြတ်နိုးဖြူ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလှိုင်မျိုးထွန်း ဖြစ်ပါကြောင်း။ ဦးလှိုင်မျိုးထွန်း (၅/ကလထ(နိုင်)၀၆၆၁၆၂)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမက(၄၁) ကျောင်း၊ Grade-4တွင်ပညာသင်ကြားနေသော မောင်လင်းတေဇကျော် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချစ်လင်း ဖြစ်ပါကြောင်း။

ဦးချစ်လင်း (၅/ကဘလ(နိုင်)၁၃၆၅၁၅)

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၂၂)ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးညီညီထွေး ၏သမီး မအိမ့်ရတီချို ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မတေးကဗျာချို ဖြစ်ပါကြောင်း။

မတေးကဗျာချို

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာနေ ဦးအောင်ကျော်မျိုး (ဘ) ဦးတင်အောင် (၉/တသန(နိုင်)၀၇၂၅၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၉၈၈၁၇၁၄၄

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ဖလံတုန်ကျေးရွာနေ မောင်ရဲရင့်အောင် (ဘ) ဦးမောင်နိုင် (၉/နထက(နိုင်)၁၉၉၃၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-883529) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၈၉၀၅၄၉၁၉၈

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



# ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊
(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ဝ၆၇-၃၄၀၄၆၆၆၊ ဝ၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှု ဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာ ထားသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လို...**

❖ **ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...**

❖ **Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)




## အပူပိုင်းမုန်တိုင်း ဆိုးလစ်ခ်(SOULIK)အရှိန်ကြောင့် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၉

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲအချိန် ထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် အပူပိုင်းမုန်တိုင်း “ဆိုးလစ်ခ်(SOULIK)”သည် ယနေ့ညပိုင်းတွင် စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းနှင့် တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

တိုင်ဖွန်းမုန်တိုင်း “ရာဂီ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေး တိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများကို ရေတိုက်စား၍ စာမျက်နှာ ၂၂ ကော်လံ ၁ ❖




ရန်ကုန်-မန္တလေးရထားလမ်း သပြေတောင်းနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

